# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# ဒုတိယနေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
## (၂၀၁၄ ခုနှစ်၊ မေလ ၂၉ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၈၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၀၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၉-၅-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များ အနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာပန်ကြားအပ်ပါတယ်။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် တက်ရောက်သည့် ဦးရေ ၃၈၀ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၄၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၂၇ ဦး ကတော့ ယမန်နေ့ကကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၁၅ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

**မူကြမ်း**

(၁) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်၊

(၂) တွန်းဇံမဲဆန္ဒနယ်မှ ဦးဟောက်ခန့်မန် ခွင့် ၁ ရက်၊

(၃) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်၊

(၄) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၅) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျော က် ခွင့် ၁ ရက်၊

(၆) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၁ ရက်၊

(၇) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၈) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၁ ရက်၊

(၉) သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၁၀) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် ခွင့် ၁ ရက်၊

(၁၁) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၁ ရက်၊

(၁၂) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၁၃) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၁ ရက်၊

(၁၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်နှင့်

(၁၅) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၇ ဦး ယနေ့ခွင့်ပြုထားသူ ၁၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**မူကြမ်း**

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ဦးစွာ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ်ကိုယ်စား နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ်မေးမြန်းဖို့ဖြစ်ပါတယ်။

## ၂၀၁၄-၂၀၁၅ အမျိုးသားစီမံကိန်းမူဝါဒပါ မြို့နယ်တစ်မြို့နယ်တွင် ဖွံ့ဖြိုးရေးရန်ပုံငွေ သန်း ၁၀၀၀ သို့မဟုတ် သန်း ၅၀၀ စီစဉ်ချမှတ်ပေးရန် တောင်းခံမှုကို ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် မည်သည့်နည်းဖြင့် စီစဉ်ဆောင်ရွက်ပေးမည်နှင့်စပ်လျဉ်းသည့်မေးခွန်း

**ဦးဇင်းဝမ်(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အထူးဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး နန်းယွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇင်းဝမ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုံကွမ်(ခ)ဒူဝါခမိုင်တန်၏ကိုယ်စား မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ၂၀၁၄-၂၀၁၅ အမျိုးသားစီမံကိန်းမူဝါဒတွင် တင်ပြဆွေးနွေးတောင်းခံခဲ့သော မြို့နယ်တစ်မြို့နယ်တွင် ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်း ၁၀၀၀ သို့မဟုတ် သန်း ၅၀၀ ချမှတ်ပေးရေးကိစ္စနှင့်ပတ်သက်သည့် မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆွေးနွေးတင်ပြတောင်းခံမေးမြန်းလိုသော ကဏ္ဍများမှာ ပြည်သူများ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည်နှင့်အညီ နိုင်ငံတော်အကြီးအကဲအဆင့်ဆင့်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော နယ်စွန်နယ်ဖျားမကျန် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် တိုင်းရင်းသားပြည်သူများအားလုံး တန်းတူညီတူ အခွင့်အရေးများနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်

ရေးဟူသော ရည်မှန်းချက်ပန်းတိုင်များကို ပြီးစီးအောင်မြင်နိုင်ရေးအတွက်ရည်ရွယ်၍ မြို့နယ်အသီးသီးတွင် စက်ယန္တရားအပါအဝင်ပြည့်စုံ၍ ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအိမ်ရာအပါအဝင် ကျေးလက်ဒေသလမ်းတံတား ဖောက်လုပ်ရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေး၊ လယ်ယာမြေ ဖော်ထုတ်ရေးလုပ်ငန်းများနှင့် ဘက်စုံကဏ္ဍစုံ တည်ဆောက်အကောင်အထည်ဖော်ရာတွင် ထိထိမိမိ တည်ဆောက်ပြီးစီးနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ရပ်မိရပ်ဖ မြို့နယ်ဖွံ့ဖြိုး ရေးအထောက်အကူပြုအဖွဲ့မှ ပေါင်းစပ်ညှိနှိုင်းချမှတ်၍ သက်ဆိုင်သော မြို့နယ်၏ ဌာနဆိုင်ရာများမှ တာဝန်ယူတာဝန်ခံ၍ တည်ဆောက်အကောင်အထည်ဖော်နိုင်ရေးအတွက် ရည်ရွယ်၍ ၂၀၁၄-၂၀၁၅ အမျိုးသားစီမံကိန်းမူဝါဒတွင် တင်ပြဆွေးနွေးတောင်းခံရာ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်ပေါင်း ၃၃၀ ကိုဖြစ်စေ သို့မဟုတ် ချွတ်ခြုံကျဆင်းရဲနွမ်းပါးသော မြို့နယ်များကို အထူးစီမံချက်ချမှတ် သတ်မှတ် ရွေးချယ်၍ဖြစ်စေ မြို့နယ်တစ်မြို့နယ်ကို နှစ်စဉ်ဖွံ့ဖြိုးရေးရန်ပုံငွေ ဘတ်ဂျက်အဖြစ် သန်း ၁၀၀၀ သို့မဟုတ် သန်း ၅၀၀ ချမှတ်ပေးရန် ထည့်သွင်းတောင်းခံခဲ့ခြင်းသည် အလယ်အလတ်စီမံကိန်း လုပ်ငန်းများကို မြို့နယ်အစီအစဉ်ဖြင့် အလျင်အမြန်တည်ဆောက်ပေးနိုင်ရေးအတွက် ရည်ရွယ်ခြင်း ဖြစ်ပါသည်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ နာယကကြီးနှင့် သမ္မတကြီးမှ ပေါင်းစပ်ညှိနှိုင်း၍ မဲဆန္ဒနယ်တစ်ခုကို လွှတ်တော်၏ ငွေလုံး ငွေရင်းဘတ်ဂျက်ထဲမှ သန်း ၁၀၀ ဖြစ်သော သိန်း ၁၀၀၀ ကိုချမှတ်၍ အစိုးရအဖွဲ့မှ စီမံချက်တင်၍ အကောင်အထည်ဖော်ရန် လုံလောက်မှုမရှိသော ရပ်မိရပ်ဖပြည်သူများရဲ့ အခြေခံလိုအပ်ချက်များ ဖြစ်သော သိန်း ၅၀ ထက်မပိုသောလုပ်ငန်းများကို မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ အခြေခံလိုအပ်ချက်များကို ချက်ချင်းတည်ဆောက်ပေးနိုင်သဖြင့် ကျေးလက်ဒေသ တွင်နေထိုင်သော တိုင်းရင်းသားပြည်သူများမှာ ဝမ်းမြောက်ဝမ်းသာကြိုဆိုထောက်ခံလျက်ရှိပါတယ် ခင်ဗျား။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မေးမြန်း လိုသောကဏ္ဍများမှာ ၂၀၁၄-၂၀၁၅ အမျိုးသားစီမံကိန်းမူဝါဒတွင် တင်ပြဆွေးနွေးတောင်းခံခဲ့သော ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် တည်ရှိသော မြို့နယ်များအားလုံးကိုဖြစ်စေ သို့မဟုတ် ချွတ်ခြုံကျဆင်းရဲနွမ်းပါးသော မြို့နယ်များကို အထူးစီမံချက်ချမှတ် သတ်မှတ်ရွေးချယ်၍ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖမြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့နှင့် အုပ်ချုပ်ရေး အဖွဲ့မှ ပေါင်းစပ်ညှိနှိုင်းဆုံးဖြတ်၍ သက်ဆိုင်သော မြို့နယ်၏ဌာနဆိုင်ရာများမှ တာဝန်ယူတာဝန်ခံ၍

တည်ဆောက်အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော် ၂၀၁၄-၂၀၁၅ အမျိုးသားစီမံကိန်းမူဝါဒတွင် မြို့နယ်တစ်မြို့နယ်ကို ကျပ်သန်း ၁၀၀၀ သို့မဟုတ် သန်း ၅၀၀ စီချမှတ်ပေးရန် တောင်းခံမှုအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဘယ်နည်းဘယ်ပုံစီစဉ်ချမှတ်အကောင်အထည်ဖော်ပေးမည်ကို သိလိုပါသဖြင့် ဖြေကြားပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ပြည်ထောင်စုဝန်ကြီး၊ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုံကွမ်(ခ)ဒူဝါခမိုင်တန်ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ ၂၀၁၄ ခုနှစ် ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေနှင့် ကိုက်ညီအောင် ရေးဆွဲထားတဲ့ဥပဒေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်မယ့် ငွေလုံးငွေရင်းအသုံးစရိတ်များကိုလည်း ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဒီသက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့လည်း ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို တာဝန်ယူတာဝန်ခံပြီး တည်ဆောက် အကောင်အထည်ဖော်တဲ့နေရာမှာ အမျိုးသားစီမံကိန်းနှင့် ဘတ်ဂျက်ကို ချိတ်ဆက်ဆောင်ရွက်ဖို့လိုအပ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေ သန်း ၁၀၀၀ သို့မဟုတ် သန်း ၅၀၀ စီစဉ်ချမှတ်ပေးရန်ကိစ္စမှာ နိုင်ငံတော်ရဲ့ အမျိုးသားစီမံကိန်း ရည်မှန်းချက်များ၊ နိုင်ငံတော်ရဲ့ဘဏ္ဍာရန်ပုံငွေအခြေအနေ၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် အထူး

လိုအပ်နေတဲ့ အခြေအနေတို့ပေါ်မူတည်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့က သုံးသပ်ဆောင်ရွက်သင့်တဲ့ ကိစ္စဖြစ်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးပြည်နယ်အစိုးရအဖွဲ့များအနေနဲ့လည်း မိမိတိုင်းဒေသကြီး/ပြည်နယ်အတွင်း မြို့နယ်ဒေသများရဲ့ လိုအပ်ချက်ပေါ်မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လိုတဲ့လုပ်ငန်းတွေကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး အမျိုးသားစီမံကိန်းဥပဒေကြမ်းရေးဆွဲရာမှာ ထည့်သွင်းပြီး ဒီဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုတဲ့အခါမှာ ရန်ပုံငွေစီစဉ်တောင်းခံမှုကို သက်ဆိုင်ရာဌာနများအလိုက် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

ဆက်လက်ပြီး တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်/ကျေးရွာများရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နိုင်ငံတော်အစိုးရအနေနဲ့ ဆောင်ရွက်ပေးလျက်ရှိတဲ့အခြေအနေကို ဖြည့်စွက်တင်ပြလိုပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်များကို လွှဲပြောင်းထောက်ပံ့တဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကို မြို့နယ်တစ်မြို့နယ်မှာ ကျပ်သိန်း ၁၀၀၀ နှုန်းနဲ့ စုစုပေါင်းကျပ် ၃၃ ဘီလီယံကို လျာထားပေးခဲ့ပါတယ်။ ဒီအသုံးစရိတ်တွေကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများပါဝင်တဲ့ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့တို့မှ ညှိနှိုင်းသတ်မှတ်တဲ့လုပ်ငန်းများအတွက် သုံးစွဲရန်ဖြစ်ပြီးတော့ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပေးတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီကို တင်ပြပြီး အတည်ပြုချက်ရယူသုံးစွဲမှာဖြစ်ပါတယ်။ ဒါ့အပြင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနများအနေနဲ့လည်း နယ်စပ်ရေးရာဝန်ကြီးဌာနဆိုရင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းမှာ ကျေးရွာချင်းဆက်လမ်းများ၊ တံတားများ ရေရရှိရေးကိစ္စရပ်များအတွက် တိုင်းဒေသကြီး/ပြည်နယ်များအားလုံးပါဝင်တဲ့ ဘတ်ဂျက်ကို လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ထိုနည်းတူစွာပဲ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့လည်း သူ့လက်အောက်မှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ကျေးလက်ဒေသမီးလင်းရေး၊ ရေရရှိရေးကိစ္စရပ်များကို စောစောကတင်ပြသလိုပဲ တိုင်းဒေသကြီး/ပြည်နယ်အားလုံးပါဝင်ပြီးတော့ လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဒီ CDD Project လို့ခေါ်တဲ့ ကမ္ဘာ့ဘဏ်ရဲ့ Community Driven Development Project ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်ရာဌာနများအနေနဲ့ ဒီလုပ်ငန်းများအတွက်ကို လေ့လာဆန်းစစ်မှုပေါ် (Feasible Study) တွေအရ ဆောင်ရွက်ပေးရမယ့် ဦးစားပေးအစီအစဉ်တွေကို ခွဲခြားသတ်မှတ်ပြီးတော့မှ ဘတ်ဂျက်လျာထား

ဆောင်ရွက်သွားတာလည်း ဖြစ်ပါတယ်။ ဒီနေရာမှာ CDD Project နဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ထပ်မံတင်ပြလိုတာကတော့ ဒီ World Bank အထောက်အပံ့နဲ့ CDD Project ဟာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ဒါကမ္ဘာ့ဘဏ်ကနေပြီးတော့ အထောက်အပံ့နဲ့ဆောင်ရွက်တဲ့ Project ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ အထောက်အပံ့ဟာ ဒေါ်လာ သန်း ၈၀ နဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုနဲ့ နေပြည်တော်ကောင်စီတို့မှာ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဆောင်ရွက်ပေးမယ့်လုပ်ငန်းတွေဟာ အခြေခံ အဆောက်အဦများဖြစ်တဲ့ ကျေးလက်လမ်း၊ စာကြည့်တိုက်၊ ရေရရှိရေးနဲ့ မီးလင်းရေးလုပ်ငန်းတွေဖြစ် ပါတယ်။ ဒီ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကနေပြီး ခြောက်နှစ်ကြာဆောင်ရွက်မှာဖြစ်ပြီးတော့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့၊ ရှမ်းပြည်နယ် နမ့်စန်(မြောက်)နှင့် ချင်းပြည်နယ် ကန်ပက်လက်တို့မှာ စတင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီ ၂၀၁၄-၂၀၁၅ ခုနှစ် မှာတော့ တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုကို ဆောင်ရွက်နိုင်ဖို့အတွက်လည်း သက်ဆိုင်ရာဒေသ များမှ လူမှုရေးအဖွဲ့များနှင့်လည်း ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိကြောင်းသိရှိရပါတယ်။ ဒါ့အပြင် ဒီကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ နိုင်ငံတော်ဘတ်ဂျက်ကနေပြီးတော့ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးရွာပေါင်း ၁၁၅၀ ကို မြစိမ်းရောင်စီမံကိန်းအနေနဲ့ ကျေးရွာ တစ်ရွာကို ကျပ်သိန်း ၃၀၀ နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ သတ်မှတ်ထားတဲ့အချက်အလက်များနှင့် ကိုက်ညီတဲ့ကျေးရွာတွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက်လည်း ပြည်နယ်/တိုင်းဒေသကြီးများကို စာရင်းတောင်းခံဆောင်ရွက်လျက်ရှိပါတယ်။ ဒီသတ်မှတ်တဲ့ အချက်တွေကတော့ နိုင်ငံတကာ အထောက်အပံ့မရရှိနိုင်တဲ့ဒေသများ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် အကျိုးဖြစ်ထွန်းနိုင်မှုအား အခြေခံ ကောင်းမွန်တဲ့ ကျေးရွာ၊ မဖွံ့ဖြိုးသေးတဲ့ကျေးရွာ၊ ကျေးရွာကော်မတီများမှလည်း စိတ်ဝင်စားစွာဆောင် ရွက်နိုင်တဲ့ကျေးရွာဆိုပြီးတော့ ဒါအချက်တွေသတ်မှတ်ထားတာရှိပါတယ်။ ဆောင်ရွက်ပေးမယ့် လုပ်ငန်းတွေအနေနဲ့က အရင်းမပျောက်မတည်ငွေများထူထောင်ပေးခြင်း၊ ရရှိလာမယ့်အကျိုးအမြတ် တွေကို ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကော်မတီများဖွဲ့ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စောစောကတင်ပြတဲ့ ကမ္ဘာ့ဘဏ်ရဲ့ CDD Project ပုံစံမျိုးဖြစ်ပါတယ်။ ကော်မတီကို အဖွဲ့ဝင် ခုနစ်ဦး၊ ကိုးဦး၊ ၁၁ ဦးတို့နဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးများမပါဝင်ဘဲ ဖွဲ့စည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ကမ္ဘာ့ဘဏ်ရဲ့ ဆောင်ရွက်တဲ့ CDD Project နဲ့ လိုက်ဖက်ညီအောင်လို့ ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဖြည့်စွက်ဆောင်ရွက်တဲ့ စီမံကိန်းတွေဖြစ်ပါတယ်။ ဒါ့အပြင်ကို ကျွန်တော်တို့ ဒီပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကနေပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်

တွေကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးအတွက်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ တိုင်းဒေသကြီး/ပြည်နယ် အားလုံးကို တစ်ဘီလီယံထောက်ပံ့ခဲ့တာရှိပါတယ်။ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးအတွက် တိုင်းဒေသကြီးခုနစ်ခုနှင့် ပြည်နယ်နှစ်ခုကိုတော့ တစ်ဘီလီယံစီထောက်ပံ့ပေးခဲ့ပြီးတော့ နယ်မြေဒေသအခြေအနေအရ ပြန်လည်ထူထောင်ရေးအတွက် အထူးပံ့ပိုးဆောင်ရွက်ပေးရန်လိုအပ်နေတဲ့ ကချင်ပြည်နယ်နဲ့ ရခိုင်ပြည်နယ်ကိုဆိုလျှင် ၁၅ ဘီလီယံ ထောက်ပံ့ခဲ့တာရှိပါတယ်။ ဖွံ့ဖြိုးမှုနှင့် ဆင်းရဲမှုနှုန်းအခြေအနေနဲ့ နယ်မြေအခြေအနေအရ ချင်းပြည်နယ်ကို ငါးဘီလီယံ၊ ရှမ်းပြည်နယ်ကို လေးဘီလီယံနဲ့ ကရင်ပြည်နယ်ကို နှစ်ဘီလီယံသာ ထောက်ပံ့ခဲ့တာရှိပါတယ်။ ဒါတွေကတော့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကထောက်ပံ့ခဲ့တာဖြစ်ပါတယ်။ ဒီလို ကျေးရွာမြို့နယ်တွေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များကို ထောက်ပံ့ပေးတဲ့ ထောက်ပံ့ငွေများအတွက်ကိုလည်း ယခုထက်ကို ကျွန်တော်တို့ ပိုမိုပြီးတော့ စနစ်တကျဆောင်ရွက်နိုင်ဖို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါက တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူဦးရေအချိုးအစား၊ သူတို့ရဲ့ တစ်ဦးချင်းဝင်ငွေ (Per Capital Income)၊ ဆင်းရဲမှုရာခိုင်နှုန်း၊ နောက် အခွန်အခရရှိမှုအခြေအနေ၊ နောက်တိုင်းဒေသကြီး/ပြည်နယ်တွေရဲ့ GDP ဖွံ့ဖြိုးတိုးတက်မှုရာခိုင်နှုန်းစသည်ဖြင့် အချက်အလက်များကို စုစည်းကောက်ယူပြီးတော့ နိုင်ငံတကာမှာ ဆောင်ရွက်နေတဲ့နည်းလမ်းများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ဖို့ကိုလည်း ကျွန်တော်တို့ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မော်တော်ဆိုင်ကယ်မောင်းနှင်သူများအတွက် ယဉ်မောင်းလိုင်စင်များကို ကျေးလက်ဒေသများအထိ ကွင်းဆင်းစစ်ဆေး၍ စနစ်တကျထုတ်ပေးရန်နှင့် ရေးမြို့နယ်တွင် ကညနရုံး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာဖို့အတွက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံတော်တစ်ဝန်းမှာ တရားမဝင်မော်တော်ဆိုင်ကယ်များကို တရား

ဝင်လိုင်စင်များထုတ်ပေးနိုင်ရန် စီမံချက်တစ်ရပ်ချမှတ် ဆောင်ရွက်ပေးလျက်ရှိနေတာကိုလည်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ တရားမဝင်ဆိုင်ကယ်များကို တရားဝင်လိုင်စင်လုပ်ပေးခြင်းဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့အခွန်ငွေများ တိုးတက်ရရှိလာတာကိုလည်း တွေ့မြင်နေခဲ့ရပါတယ်ရှင်။ မော်တော်ဆိုင်ကယ်မောင်းနှင်သူအများစုသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိနားလည်လိုက်နာမှု အားနည်းနေတဲ့အတွက်ကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပေါ်နေတာကိုလည်း တွေ့မြင်ကြားသိနေရပါတယ်။ ဒါကြောင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ယာဉ်မောင်းသူများအတွက် ကျေးရွာအုပ်စုထိ သက်ဆိုင်ရာဌာနများမှ ကွင်းဆင်းပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများသဘောပေါက်နားလည်စေရန်၊ လိုက်နာစေရေးအတွက်ဆောင်ရွက်ရန် လိုအပ်နေတယ်လို့ ကျွန်မအနေနဲ့ ထင်မြင်ယူဆမိပါတယ်ရှင်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းချင်တာကတော့ (က) မော်တော်ဆိုင်ကယ်မောင်းနှင်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိနားလည်ပြီး ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ပညာပေးအစီအစဉ်များကို ကျေးလက်ဒေသများအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်မယ့်အစီအစဉ်ရှိ/မရှိ။ (ခ) ပိုမိုများပြားလာတဲ့မော်တော်ဆိုင်ကယ်မောင်းနှင်သူများအတွက် ယာဉ်မောင်းလိုင်စင်များကို ကျေးလက်ဒေသအထိကွင်းဆင်း၍ စနစ်တကျထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ။ (ဂ) ရေးမြို့နယ်တွင် ကညနရုံးဖွင့်လှစ်ဖို့ အစီအစဉ်ရှိ/မရှိကို ပြည်သူများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းရဲ့ မြန်မာနိုင်ငံတစ်ဝန်းမှာ မော်တော်ဆိုင်ကယ်မောင်းနှင်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိနားလည်ပြီး ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးအစီအစဉ်များကို ကျေးလက်ဒေသအထိ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန်၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများအတွက် ယာဉ်မောင်းလိုင်စင်များကို

ကျေးလက်ဒေသအထိကွင်းဆင်းစစ်ဆေး၍ စနစ်တကျထုတ်ပေးရန်နှင့် ရေးမြို့နယ်မှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင်က ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဟာ တိုင်းဒေသကြီး ပြည်နယ်/ခရိုင်ရုံးများမှာလည်းကောင်း၊ သက်ဆိုင်ရာမှတ်ပုံတင်နယ်မြေအတွင်းရှိ မြို့နယ်အသီးသီးသို့ ပြက္ခဒိန် လအလိုက် နယ်လှည့်ကွင်းဆင်း ဆောင်ရွက်ရာမှာလည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းများဖွင့်လှစ်၍ ယာဉ်မောင်းလိုင်စင်များ စနစ်တကျထုတ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးမယ့် အစီအစဉ်ကိုလည်း ကြိုတင်သိရှိနိုင်ရန်အတွက် နေ့စဉ်ထုတ်သတင်းစာများမှာ ကြိုတင်အသိပေးကြော်ငြာလျက်ရှိပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာတာဝန်ရှိသူများရဲ့ ညှိနှိုင်းချက်အရ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၊ ယဉ်ကျေးလိမ္မာသင်တန်းများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် ကျေးရွာအုပ်စုများသို့လည်း သွားရောက်ပြီးတော့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲနှင့် သင်တန်းများ ကျင်းပဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲ ကြိမ်ရေ ၁၅၉၀ ကျင်းပခဲ့ပြီး လူဦးရေ ၂၉၅၄၅၀ ဦးတက်ရောက်ခဲ့ပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းကိုလည်း ၂၂၀၁ ကြိမ်ဖွင့်လှစ်ပြီး သင်တန်းသားဦးရေ ၃၀၀၁၃၇ ကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ယာဉ်သွားလာမှုဆိုင်ရာစည်းကမ်းများ၊ လမ်းညွှန်ဆိုင်းဘုတ်များ၊ လမ်းပေါ်ဆေးရေးအမှတ်အသားများ၊ အချက်ပြများနှင့် ဆောင်ရန်၊ ရှောင်ရန်တို့ကို သင်ကြားပေးခဲ့ပါတယ်။ ဒါ့အပြင် မိမိဌာနမှကွင်းဆင်း၍ ဆောင်ရွက်ရာမှာ မရောက်ရှိနိုင်တဲ့ ကျန်ကျေးလက်ဒေသများအတွက် သက်ဆိုင်ရာဒေသတာဝန်ရှိသူများမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး ဟောပြောပွဲကျင်းပစေလိုခြင်း၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်းဖွင့်လှစ်၍ ယာဉ်မောင်းလိုင်စင်ရလိုခြင်း ဆောင်ရွက်လိုကြောင်း ညှိနှိုင်းအကြောင်းကြားလာခဲ့ပါက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများအနေနဲ့ ကျေးလက်ဒေသအထိ သွားရောက်ဆောင်ရွက်ပေးမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**မူကြမ်း**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မွန်ပြည်နယ်ရုံး(မော်လမြိုင်)မှ ၎င်းရဲ့မှတ်ပုံတင် နယ်မြေအတွင်းမှာရှိတဲ့ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ကျိုက်မရော၊ ချောင်းဆုံ၊ ရေးမြို့နယ်များမှာရှိတဲ့ မော်တော်ယာဉ် မှတ်ပုံတင်လုပ်ငန်းနှင့် ယာဉ်မောင်းလိုင်စင်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။ မော်တော်ဆိုင်ကယ်များအား သက်တမ်းတိုးရာမှာ ယာဉ်အစစ်ခံရန်မလိုဘဲနဲ့ နှစ်နှစ်မှာ တစ်ကြိမ် သက်တမ်းတိုးရပါတယ်။ မော်တော်ယာဉ်များကိုတော့ တစ်နှစ်မှာတစ်ကြိမ် သက်တမ်းတိုးရ ပြီးတော့ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းအရ သက်တမ်းကုန်ဆုံးရက်မတိုင်မီ ရက်ပေါင်း ၉၀ ကြိုတင် ပြီးတော့ သက်တမ်းတိုးနိုင်ပါတယ်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (မော်လမြိုင်)ကို ယာဉ်များလာရောက်ရန်မလိုဘဲနဲ့ တစ်နှစ်မှာနှစ်ကြိမ် ရေးမြို့ကို သွားရောက်ပြီးတော့ ဒေသတာဝန်ရှိသူများနှင့် ကြိုတင်ညှိနှိုင်းအကြောင်းကြားပြီး နယ်လှည့်ကွင်းဆင်းပေးခြင်းဖြင့် လုပ်ငန်း များအဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မော်တော်ဆိုင်ကယ်မောင်းလိုင်စင်၊ ကိုယ်ပိုင် ယာဉ်မောင်းလိုင်စင်နှင့် စပယ်ယာလက်မှတ်ရောင်းလိုင်စင်များရဲ့ ယာဉ်မောင်းလိုင်စင်သက်တမ်းများ ကို သုံးနှစ်မှငါးနှစ်သို့ တိုးမြှင့်ပြီးတော့ သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရေးမြို့နယ်လိပ်စာနဲ့ ၂၀၁၄ ခုနှစ် ဧပြီလကုန်အထိ မော်တော်ယာဉ်စီးရေ ၄၂၄ စီး၊ မော်တော် ဆိုင်ကယ် ၂၄၂၂၂ စီး စုစုပေါင်း ၂၄၆၄၆ စီးနှင့် ယာဉ်မောင်းလိုင်စင်စောင်ရေ ၈၇၃၂ စောင် မှတ်ပုံ တင်ထားရှိပါတယ်။ ခရီးလမ်းကြောင်းသင့်လို့ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)မှာ ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များ၊ မှတ်ပုံတင်လုပ်ငန်း လာရောက်ဆောင်ရွက်သူများရှိသကဲ့သို့ လာရောက် ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များအတွက် ပြည်နယ်ရုံး(မော်လမြိုင်)မှ နယ်လှည့်ပြီးတော့ သက်တမ်းတိုးဆောင်ရွက်ပေးခြင်းကို တစ်နှစ်မှာနှစ်ကြိမ် သွားရောက်ဆောင်ရွက် ပေးလျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ်အတွက် ၂၀-၃-၂၀၁၄ ရက်နေ့မှာတစ်ကြိမ် ဆောင်ရွက်ပြီးဖြစ်ပါ တယ်။ နောက်တစ်ကြိမ်ကိုတော့ ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်းမှာ သွားရောက်ပြီးတော့ ဆောင်ရွက်ရန် လျာထားချက်ရှိပါတယ်။ လိုအပ်ပါက ဒေသတာဝန်ရှိသူများနှင့်ညှိနှိုင်းပြီးတော့ အကြိမ် ရေတိုးမြှင့် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒီဦးစီးဌာနမှာ ရုံးချုပ်အပါအဝင် ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင်များမှာ စုစုပေါင်း ရုံး ၅၃ ရုံး ဖွင့်လှစ်ပြီးတော့ မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ ရုံးသစ်တစ်ရုံးဖွင့်လှစ်မယ်ဆိုရင် ဖွဲ့စည်းပုံ၊ လိုအပ်တဲ့မြေနေရာ၊ ရုံးအဆောက်အဦ ဆောက်လုပ်ခြင်းအတွက်ကုန်ကျစရိတ်၊ ဝန်ထမ်း

များအတွက် သုံးစွဲမယ့်လစာငွေ၊ လုပ်ငန်းကိစ္စများ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စများအတွက် သုံးစွဲရမယ့် သာမန်အသုံးစရိတ်ငွေစသည်ဖြင့် လိုအပ်ချက်များ ရှိပါတယ်။ ဒါ့ကြောင့် ရေးမြို့နယ်ထက် မှတ်ပုံတင်ထားသော ယာဉ်နှင့် ယာဉ်မောင်းလိုင်စင် ပိုပြီးတော့များတဲ့ ခရိုင်မြို့ငါးမြို့မှာတောင်မှ ရုံးသစ်ဖွင့်လှစ်ခြင်းမပြုနိုင်သေးဘဲ နယ်လှည့်လုပ်ငန်းအကြိမ်ရေတိုးမြှင့် ဆောင်ရွက်ပေးခြင်းဖြင့် သက်တမ်းတိုးခြင်းလုပ်ငန်းကို အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးလျက်ရှိပါသောကြောင့် အဆိုပါခရိုင်မြို့ကြီးများကို ဦးစားပေးဆောင်ရွက်ပေးပြီးမှသာလျှင် ရေးမြို့မှာရုံးသစ်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ပေးနိုင်မှာဖြစ်တဲ့အတွက်ကြောင့် လတ်တလောအစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**၂၀၁၄ ခုနှစ် မကုန်ဆုံးမီ တစ်နိုင်ငံလုံးရှိသစ်များ အပြောင်းရှင်းမည့်အနေအထားဖြင့် ထုတ်လုပ်နေခြင်းနှင့်ပတ်သက်၍ မည်သို့တားဆီးကာကွယ်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ ယနေ့ နိုင်ငံတော်အတွင်းမှာ ပြည်သူများ အထူးသဖြင့် ပြည်နယ်များမှာရှိတဲ့တိုင်းရင်းသားများ စိတ်ဝင်စားနေတဲ့ သစ်ခုတ်လှဲထုတ်လုပ်စိုက်ပျိုးမှုကိစ္စ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှာ မေးခဲ့တဲ့မေးခွန်းဖြစ်ပါတယ်။ မေးခွန်းများအခန်းကဏ္ဍက ဒီမိုကရေစီနိုင်ငံထူထောင်ရာမှာ အဆိုများ၊ ဥပဒေများနှင့် ပုံစံချင်းမတူဘဲနဲ့ အုပ်ချုပ်ရေးအဖွဲ့ကသာ လိုအပ်ချက်ကို ထိထိမိမိလေးလေးနက်နက်ဖြေကြားနိုင်ခဲ့ရင် ပြည်သူ့ဆန္ဒကို အချိန်တိုအတွင်းမှာ ဖြည့်ဆည်းပေးနိုင်တဲ့အတွက်ကြောင့် ကျွန်တော်တို့ကိုယ်စားလှယ်များအနေနဲ့ အလွန်အလေးထားရတဲ့ အခန်းကဏ္ဍဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ သစ်ထုတ်လုပ်မှုနဲ့ပတ်သက်ပြီးတော့ ပြည်သူများအကြားမှာ ဖြစ်ပေါ်နေတဲ့အသံ အဓိကအချက်လေးချက်ရှိပါတယ်။ (၁) သစ်တွေကို အဆင်ပြေသလို စည်းကမ်းမဲ့စွာထုတ်လုပ်နေတာတွေ၊ (၂) သစ်ထုတ်လုပ်တဲ့ဒေသမှာရှိတဲ့ ဒေသခံတိုင်းရင်းသားပြည်သူတွေ အသုံးပြုခွင့်မရကြဘူး။ (၃) သစ်အမျိုးမျိုးကို မိမိနေအိမ်

ဆောက်လုပ်ဖို့တောင် ဝယ်ယူဖို့အတွက် ဘယ်ပုံဘယ်နည်းနဲ့မှ ဝယ်ယူခွင့်ရဖို့မလွယ်ဘူး။ (၄) ခုတ်ယူပြီးသစ်တောဧရိယာတွေကို စနစ်တကျနဲ့ ပြန်လည်စိုက်ပျိုးမှုမတွေ့ရဘူးဆိုတဲ့ လေးချက်ဟာ ပြည်သူ့အသံဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့အုပ်ချုပ်ရေးအဖွဲ့က တာဝန်ရှိတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဘက်ကို ပြန်လည်လေ့လာတဲ့အခါမှာ ကျွန်တော်တို့တင်ထားတဲ့ စီမံကိန်းပါအချက်များအရ ရှစ်ချက်တွေ့ရပါတယ်။ (၁) မြန်မာနိုင်ငံရဲ့ သစ်တောကိုထာဝစဉ်တည်တံ့စေတဲ့ သစ်တောအုပ်ချုပ်မှုစနစ် (Sustainable Forest Management) ဖြစ်တဲ့မြန်မာ့ရွေးချယ်မှုစနစ် (Myanmar Selection System) နဲ့ အုပ်ချုပ်နေတဲ့အကြောင်း၊ (၂) သစ်ထုတ်လုပ်မှုကို နှစ်စဉ်တောထွက် (Annual Allowable Cut) လို့ခေါ်တဲ့ AAC ဘောင်အတွင်းကနေ ထုတ်လုပ်နေတဲ့အကြောင်း၊ (၃) မြန်မာနိုင်ငံရဲ့ သစ်တောဖုံးလွှမ်းမှုအခြေအနေ Forest Resource Assessment FRA 2010 ရဲ့အနေအထားအရ နိုင်ငံဧရိယာရဲ့ ၄၆.၉၆ ရှိပြီးတော့ နှစ်စဉ်သစ်တောပြုန်းတီးမှု ဧက ၉၀၀၀၀၀ ကျော် ကမ္ဘာ့သစ်တောပျက်စီးမှု ၁၀ နိုင်ငံမှာ အဆင့်ရှစ်မှာရောက်နေတဲ့အကြောင်း၊ (၄) နိုင်ငံရဲ့မြေဧရိယာဧက ၁၆၇ သန်းမှာ သစ်တော ကြိုးဝိုင်းဧကက ၄၁ သန်း၊ တောလွှမ်းနေတဲ့ဧကက သန်း ၄၀၊ စိုက်ပျိုးမြေဧကက သန်း ၃၀၊ မြေကောနေတာက ၁၃ သန်း၊ အပမြေက လေးသန်းရှိပြီးတော့ သစ်တောပြန်လည်စိုက်ပျိုးမှုအနေနှင့် ရှေ့နှစ်ကာလအတွင်းမှာပုဂ္ဂလိကကျွန်းစိုက်ခင်းပေါင်း ၁၀၇၄၅၃ ဧက၊ သစ်မာဧကပေါင်း ၄၆၁၈၀ သစ်ထုတ်လုပ်တဲ့ကုမ္ပဏီ ၁၈ ခုကနေ လေးနှစ်အတွင်းမှာ ကျွန်းဧကပေါင်း ၁၃၀၀၀ စိုက်ပျိုးထား ကြောင်း၊ (၅) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ကျွန်းကုဗတန် ၆၀၀၀၀၊ သစ်မာကုဗတန် ၁၅.၅ သန်း၊ ထင်း ၂၃၃၆၇ ကုဗတန်၊ မီးသွေး ၂၅၆ ကုဗတန် ထုတ်လုပ်ဖို့လျာထားတဲ့အကြောင်း၊ (၆) သစ်တောဖုံးလွှမ်းမှုကို ဧရိယာအားဖြင့် ၁၂၂၆၇၄ စတုရန်းမိုင်ရဲ့ ၅၇.၄၁ ဖြစ်အောင်၊ စီးပွားရေးသစ်မာကို ၁၃၀၀ ဧက၊ ကျေးရွာစိုက်ခင်းတွေကို ၃၀၈၀ ဧက၊ ဒီရေတောစိုက်ခင်းတွေကို ဧက ၆၀၊ ရေဝေရေလဲဧက ၉၅၀၊ အရိပ်ရနေကာပင်တွေ ၁၃၅၀ ဧက စုစုပေါင်း ၇၂၈၀ ဧကနှင့် ကျွန်း ၅၈၀၀ ဧကပေါင်းလိုက်ရင် ဧကပေါင်း ၁၃၀၈၀ ပြန်စိုက်ပျိုးမယ်လို့ထားပါတယ်။ (၇) ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ လုံးတန်တွေကို တင်ပို့ခွင့်ရပ်ဆိုင်းလိုက်တယ်လို့ ကြားပါတယ်။ (၈) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ကျပ်သန်းပေါင်း ၁၁၀.၉၇၆ ဘီလီယံထုတ်လုပ်ဖို့ လျာထားတဲ့အကြောင်းနဲ့ ပြည်တွင်းသစ်တွေလုံလောက်အောင် ဖြည့်ဆည်းပေးမယ်လို့ပါပါတယ်။ သို့သော် နှစ်ဘက်က ပြည်သူရဲ့အသံနှင့် အစိုးရအဖွဲ့ရဲ့လုပ်ဆောင်မှုနှင့်ယှဉ်ပြီးတော့ ကြည့်တဲ့အခါမှာ လက်ရှိ ရှိတဲ့အနေအထားကတော့ အခုကျွန်တော် ဒီမှာ ပုံမှာတင်ပြတဲ့အတိုင်းပဲ

၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ နိုင်ငံတစ်ဝှမ်းလုံး သစ်ထုတ်လုပ်မှုဟာ အဆပေါင်းများစွာ ထုတ်လုပ်လာတာတွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်းကို သုံးနှစ်ဆက်တိုက် သင်းသတ်ပြီးမှလျှင် ထုတ်လုပ်ရပေမယ့်လို့ မလိုက်နာမှုတွေကိုလည်း တွေ့မြင်နေရပါတယ်။ ခွဲသားတွေတင်ပို့မှုကို ပိတ်ပင်လိုက်တဲ့အတွက်ကြောင့် ပြည်တွင်းမှာမလိုလားအပ်ဘဲနဲ့ တရားမဝင်သစ်မှောင်ခိုမှုတွေ သစ်သယ်ဆောင်မှုတွေကို တွေ့ရပါတယ်။ ဥပမာတင်ပြရရင် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့က ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးအတွင်း မိုင်တိုင်အမှတ် (၁၈၈) မှာ တန်ဖိုးပေါင်း သိန်းပေါင်း ၈၉၀ ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိတဲ့ ဖြစ်စဉ်တွေ၊ ဒီ့အပြင် သစ်ထုတ်လုပ်တဲ့ သစ်ပင်တွေနေရာမှာ အစားထိုးပြန်စိုက်တာကို ပြည်သူတွေက ထင်သာမြင်သာသိအောင်ပြဖို့အတွက် နည်းလမ်းများစွာရှိသော်ငြားလည်း တင်ပြမှုအားနည်းနေတာကို တွေ့ရပါတယ်။ နိုင်ငံတော်ရဲ့ကဏ္ဍအသီးသီးဟာ ယနေ့ သုံးနှစ်တာကာလ ရောက်ရှိလာတဲ့အခါမှာ အတိုင်းအတာအရ တိုးတက်မှုတွေဖြစ်နေတာ တွေ့ရပါမယ်။ ဒီအချိန်မှာ အောက်ခြေဝန်ထမ်းများ၊ အထက်ကတာဝန်ရှိတဲ့သူများ ပေါ့ဆမှုကြောင့်၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုအားနည်းခြင်းကြောင့် နိုင်ငံတော်၏ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး မထိခိုက်စေဖို့အတွက် စာတွေ့မဟုတ်ဘဲနဲ့ လက်တွေ့ကျကျထိထိရောက်ရောက် ဆောင်ရွက်ဖို့ နိုင်ငံတော်ရဲ့ သစ်ထုတ်လုပ်မှုလုပ်ငန်းများ၊ သစ်တောများ ထုတ်လုပ်ရောင်းချမှု၊ နိုင်ငံတော်အကျိုးစီးပွားအတွက် များစွာထိခိုက်နစ်နာမည်ဖြစ်၍ ထိထိရောက်ရောက် မည်သို့ကာကွယ်တားဆီးဆောင်ရွက်နေသည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားပေးနိုင်ဖို့ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သစ်တောရေးရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြစ်ပါတယ်။ အခုနက ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး၏ အဓိကမေးခွန်းကိုပဲ အချိန်ကိုငဲ့ညှာစွာဖြင့် ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျန်သောအချက်များသည် လွှတ်တော်အသီးသီးမှာ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အကြိမ်ကြိမ်ဖြေဆိုခဲ့တဲ့အကြောင်းအရာများဖြစ်တဲ့အတွက် ကျွန်တော် မတင်ပြ

တော့ပါဘူး။ အဲ့တော့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ အဓိကမေးခွန်းကတော့ နိုင်ငံတော်ရဲ့သစ်ထုတ်လုပ်ရေးအခန်းကဏ္ဍမှာ သစ်လုံးများထုတ်လုပ်ရောင်းချခြင်းကို ၂၀၁၄ ခုနှစ်အထိသာ ခွင့်ပြုတော့မည်ဖြစ်ကြောင်း မူတစ်ရပ်အနေဖြင့် သိရှိနေရပါသော်လည်း ယနေ့အခြေအနေမှာ ၂၀၁၄ ခုနှစ်မကုန်ဆုံးမီ တစ်နိုင်ငံလုံးရှိသစ်များ အပြောင်ရှင်းမည့်အနေအထားဖြင့် ထုတ်လုပ်နေခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်အကျိုးစီးပွား များစွာထိခိုက်နစ်နာသည်ဖြစ်၍ ထိထိရောက်ရောက်ဖြင့် မည်သို့တားဆီးကာကွယ်ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့်ပတ်သက်လို့ ကျွန်တော် ပြန်လည်တင်ပြသွားပါ့မယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ သဘာဝသစ်တောသယံဇာတအရင်းအမြစ်များကို ရေရှည်တည်တံ့တိုးပွားစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကို အထောက်အကူဖြစ်စေဖို့အတွက် သစ်ထုတ်လုပ်မှု ပမာဏတွေကို နှစ်စဉ်လျှော့ချထုတ်လုပ်သွားရန် ရည်မှန်းချက်ထားပြီး ဆောင်ရွက်ခဲ့ပါတယ်။ အဲ့လိုဆောင်ရွက်တဲ့အခါမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ ကျွန်း ၃၀၆၃၂၉ တန်၊ သစ်မာ ၁၅၄၈၀၇၅ တန်ကိုလည်းကောင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ကျွန်း၂၆၉၅၁၆ တန်နှင့် သစ်မာ ၁၅၉၇၇၉၈ တန်ကိုလည်းကောင်း ထုတ်လုပ်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ကျွန်း ၉၃၁၇၈ တန်နှင့် သစ်မာ ၆၁၀၅၉၂ တန်တို့ကို ထုတ်လုပ်ခဲ့ပါတယ်။ တစ်နည်းတင်ပြရရင် ဒါဟာ ကျွန်တော်တို့နိုင်ငံတော်ကို သစ်ထုတ်မယ့် စီမံကိန်းရေးဆွဲသလို ကျွန်တော်တို့ရဲ့ ဆောင်ရွက်မယ့်လုပ်ငန်းစဉ်တွေနဲ့ပတ်သက်လို့ လွှတ်တော်အသီးသီးမှာရှိတဲ့ ကျွန်တော်တို့ရဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအသီးသီးကိုလည်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်တွင်းသစ်ထုတ်လုပ်မှုကိုသိသိသာသာလျှော့ချခဲ့တဲ့အပြင် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်ပြီး ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့ခြင်းကို ရပ်ဆိုင်းခဲ့ပြီးဖြစ်ပါတယ်။ သစ်ထုတ်လုပ်ခြင်း ရပ်ဆိုင်းခြင်းမဟုတ်ပါဘူး။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောပြုန်းတီးမှု တားဆီးကာကွယ်ရေး၊ သယံဇာတများ ရေရှည်တည်တံ့ရေးကို ဆောင်ရွက်ရန်လိုအပ်လာတဲ့အတွက် သဘာဝတောမှ သစ်ထုတ်ခြင်းကို လုံးဝပိတ်ပင်တဲ့ Logging Ban အဲ့ဒီစနစ်အစား ဒုတိယအကောင်းဆုံးနည်းလမ်းဖြစ်တဲ့ Log Export Ban-LEB ကျွန်တော်တို့ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါတယ်။ သစ်အလုံးလိုက်တင်ပို့ခြင်းကို ရပ်ဆိုင်းခဲ့ပြီးဖြစ်သော်လည်း သစ်ထုတ်လုပ်ခြင်းကိုတော့ ကျွန်တော်တို့ရဲ့ နိုင်ငံတော်ရဲ့ အထူးသဖြင့် သဘာဝဘေးအန္တရာယ်တွေကျရောက်တဲ့အခါအမှာ လိုအပ်တဲ့လိုအပ်ချက်၊ နောက် အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားတဲ့ ဒေသခံပြည်သူများအတွက် လိုအပ်ချက်၊ နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်မှု အစိတ်အပိုင်းတွေမှာ လိုအပ်

ချက်၊ ဒီ့အပြင် ပြည်တွင်းသစ် အခြေခံစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်တွေအပေါ်မှာ ဖြည့်ဆည်းနိုင်ဖို့အတွက် ကျွန်တော်တို့ ကျွန်းနဲ့ သစ်မာထုတ်လုပ်မှုများကိုတော့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနေရာမှာလည်း ကျွန်တော်တို့ သိသိသာသာလျှော့ချပြီး ထုတ်လုပ်သွားမယ်ဆိုတာကိုလည်း တင်ပြလိုပါတယ်။ ၂၀၁၄-၂၀၁၅ မှာ ကျွန်းသစ်တန် ၆၀၀၀၀ ပဲထုတ်ဖို့ လျာထားပါတယ်။ သစ်မာတန် ၆၇၀၀၀၀ ကိုသာ ထုတ်လုပ်ဖို့လျာထားပါတယ်။ တစ်နည်းပြောရရင် ကျွန်တော် ၂၀၁၃-၂၀၁၄ မှာတုန်းက ကျွန်းက ၉၃၀၀၀ ဖြစ်ပါတယ်။ သစ်မာက ၆၁၀၅၀၀ ဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့က သစ်မာကို ဘာကြောင့်ပိုပြီးတော့ ပေးနေတာလည်းဆိုတော့ ဒေသခံပြည်သူတွေနဲ့ နောက်တစ်ခုက ကျွန်တော်တို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်တွေကို သစ်မာကို အများဆုံးထုတ်လုပ်ပေးရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီလျာထားချက်တွေအတိုင်း လျှော့ချပြီး ထုတ်လုပ်သွားမှာဖြစ်ပါတယ်။ ထုတ်လုပ်ရရှိတဲ့သစ်များကိုလည်း အခုနက ကျွန်တော်တင်ပြခဲ့တဲ့ လုပ်ငန်းစဉ်များမှာ စနစ်တကျ ကျွန်တော်တို့ စီမံဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းထားချက်မှာပါရှိသကဲ့သို့ ယနေ့အခြေအနေမှာ ၂၀၁၄ ခုနှစ်မတိုင်မီ တစ်နိုင်ငံလုံးရှိ သစ်များကို အပြောင်ရှင်းသစ်ထုတ်သည့်အခြေအနေမျိုးမဟုတ်ပါကြောင်း၊ ဒီ့အပြင် ပြည်ပသို့ သစ်အလုံးလိုက် တင်ပို့မှုရပ်ဆိုင်းခြင်းသာဖြစ်ပြီး ပြည်တွင်းသစ်အခြေခံစက်ရုံ၊ အလုပ်ရုံများနှင့် ကုန်ကြမ်းလိုအပ်ချက်၊ ဒေသခံပြည်သူများရဲ့လိုအပ်ချက်၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလိုအပ်ချက်၊ မမျှော်မှန်းနိုင်တဲ့ သဘာဝဘေးအန္တရာယ်အတွက် လိုအပ်ချက်များကို တွက်ချက်ပြီးတော့မှသာ အနည်းဆုံးသဘာဝတောကို ထိခိုက်မှုအနည်းဆုံးနဲ့ သစ်ထုတ်လုပ်ခြင်းသာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

သစ်ထုတ်လုပ်မှုနဲ့ပတ်သက်လို့ အကျဉ်းချုပ်ရှင်းလင်းဖြည့်စွက်တင်ပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သဘာဝတောများကို အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ရှင်းပြသွားတဲ့ Myanmar Selection System ရွေးချယ်ခုတ်လှဲတဲ့စနစ်နဲ့ စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ခဲ့ရာမှာ တစ်နည်းအားဖြင့် ထာဝစဉ်တည်တံ့စေတဲ့ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း (Sustainable Forest Management) စနစ်နဲ့ အလေးထားဆောင်ရွက်ပါတယ်။ ဒီစနစ်ရဲ့ အဓိကအနှစ်သာရမှာတော့ နှစ်စဉ်သစ်ထုတ်လုပ်မယ့် တောထွက်ပမာဏသတ်မှတ်ထားရှိခြင်း၊ ခုတ်လှဲရမယ့်သစ်ပင်ရဲ့အရွယ်အစား၊ လုံးပတ်ကန့်သတ်ချက် သတ်မှတ်ထားရှိခြင်း၊ ခုတ်လှဲပြီးဧရိယာ နောက်တစ်ချိန် ပြန်လည်ဝင်ရောက်ခုတ်လှဲရန် အချိန်ကာလသတ်မှတ်ထားရှိခြင်းတို့ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့

ဆောင်ရွက်နေတာကို ကမ္ဘာ့နိုင်ငံတကာ မိသားစုဝင်နိုင်ငံဖြစ်တဲ့အတွက် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ ထိုနည်းအတူပဲ ကျွန်တော်တို့ ITTO ဒီလိုအဖွဲ့ အစည်းတွေက ကျွန်တော်တို့ ဒါတွေကို အမြဲလေ့လာပြီးတော့မှ ကျွန်တော်တို့နိုင်ငံနဲ့ပတ်သက်တဲ့ နိုင်ငံအသီးသီးရဲ့ ဆောင်ရွက်ချက်တွေအပေါ်မှာ ကျွန်တော်တို့ ထောက်ပြကြီးကြပ်တာလည်းရှိပါတယ်။ ထိုနည်းတူပဲ အခုနကတင်ပြခဲ့တဲ့ သစ်တောသယံဇာတစာရင်းကောက်ယူခြင်း၊ ဒါဟာ နှစ်စဉ်ဆောင်ရွက်သလို ငါးနှစ်တစ်ကြိမ် Forest Resource Assessment FRA ခေါ်ပါတယ်။ ဒါက ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က ထုတ်ပြန်ပါတယ်။ ငါးနှစ်တစ်ကြိမ် ထုတ်ပြန်တဲ့အခါမှာ ကျွန်တော်တို့ အဲ့ဒီအချိန်မှာလည်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့နဲ့ရော၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပါ ပူးပေါင်းပြီး သစ်တောသယံဇာတတွေရဲ့တည်ရှိမှုကို အကဲဖြတ်ခံယူရတာဖြစ်ပါတယ်။ နောက် နိုင်ငံအတွင်းမှာလည်း ကျွန်တော်တို့ သစ်တောခရိုင် ၆၃ ခရိုင်ကို သတ်မှတ်ပြီးတော့မှ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုနဲ့ ဒါတွေပေါ်မှာလည်း ဆယ်နှစ်တစ်ကြိမ်၊ နောက်ထိုနည်းတူပဲ ငါးနှစ်တစ်ကြိမ် ကျွန်တော်တို့ ပြန်လည် Review လုပ်ပြီးတော့မှ လက်တွေ့ ခုနက ကဏ္ဍအသီးသီးက ကျွန်တော်တို့အပေါ် ဝေဖန်အကြံပြုတဲ့အချက်တွေကိုပါ ထည့်သွင်းစဉ်းစားပြီး သုံးသပ်ဆောင်ရွက်လျက်ရှိပါတယ်။ ခုနက ကျွန်တော်တင်ပြခဲ့တဲ့ FAO၊ ITTO၊ EITI စတဲ့ဒီအဖွဲ့အစည်းတွေက ဒါစဉ်ဆက်မပြတ် ကျွန်တော်တို့ကို ကြပ်မတ်ပေးပြီး၊ တစ်ဖက်ကလည်း ကျွန်တော်တို့ Global Witness ဆိုတဲ့အဖွဲ့အစည်းလိုဟာမျိုးက တစ်ကမ္ဘာလုံးမှာ တရားမဝင်တဲ့လုပ်ဆောင်ချက်တွေ၊ နောက်တစ်ခုက ကျွန်တော်တို့ ဒီလိုသယံဇာတတွေကို အလွန်အကျွံသုံးစွဲတာတွေနဲ့ပတ်သက်ပြီး အမြဲတမ်းဝေဖန်ထောက်ပြလျက်ရှိပါတယ်။ ဒီအဖွဲ့အစည်းကလည်း ကျွန်တော်တို့နဲ့ နှစ်ကြိမ်တိတိလာရောက်တွေ့ဆုံပြီးတော့မှ မြေပြင်မှာ သူတို့ရရှိထားတဲ့ အတိအကျအချက်အလက်တွေနဲ့ ကျွန်တော်တို့နဲ့ ဆွေးနွေးတာမျိုးတွေလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာတွေဟာ ကျွန်တော်တင်ပြလိုတာကတော့ ကျွန်တော်တို့အနေနဲ့ ခုနလို ၂၀၁၄ မတိုင်မီ တစ်နိုင်ငံလုံးရှိတဲ့ သစ်တောတွေကို အပြောင်ရှင်းတယ်ဆိုတဲ့ဟာကတော့ ဒီကျွန်တော်တင်ပြသွားတဲ့ အဖြေတွေနဲ့ဆန်းစစ်ပြီး နောက်လက်တွေ့မျက်မြင် ဒါလေးတွေကို သုံးသပ်ရင် အဖြေထွက်နိုင်ပါတယ်။ သို့သော်လည်း အချို့အရာတွေဟာ အားနည်းချက်ရှိနေတာတော့ မှန်ပါတယ်။ ကျွန်တော်တို့လည်း ပြုပြင်ဆောင်ရွက်ဖို့ လုပ်ကိုင်လျက်ရှိပါတယ်။

ဒီ့အပြင် ကျွန်တော်တို့ ပြင်ပကို သစ်အလုံးလိုက်တင်ပို့ခြင်းကို ရပ်ဆိုင်းပြီးတဲ့နောက်မှာ ကျွန်တော်တို့ ကုမ္ပဏီလုပ်ငန်းရှင်များကိုရောင်းချထားတဲ့ လက်ကျန်သစ်လုံးများ၊ ထုတ်လုပ်ပြီး ရောင်းချရန်ကျန်ရှိနေတဲ့သစ်လုံးများနဲ့ပတ်သက်လို့ နိုင်ငံတော်ရဲ့အကျိုးစီးပွား ထိခိုက်နစ်နာမှုမရှိစေရေး

အတွက်လည်း ကျွန်တော်တို့ အောက်ပါအတိုင်း ဆောင်ရွက်သွားဖို့ စီစဉ်ထားရှိပါတယ်။ ပထမတစ်ချက်အနေနဲ့ကတော့ ကုမ္ပဏီ/လုပ်ငန်းရှင်များကို ရောင်းချပြီးဖြစ်တဲ့ လက်ကျန်သစ်လုံးများကို စာရင်းကောက်ယူ၍ သစ်လုံးများကို သစ်အခြေခံ သစ်အချောထည်လုပ်ငန်းများ သစ်ခွဲသားများ အဖြစ် ခွဲစိတ်ရောင်းချရာမှာ အသုံးချဖို့။ နောက်တစ်ချက်ကတော့ ထုတ်လုပ်ပြီး ရောင်းချရန် ကျန်ရှိနေတဲ့သစ်လုံးများကို စာရင်းပြုစုမယ်။ မြေပြင်စာရင်းကောက်ယူပြီး စာရင်းပြုစုပါမယ်။ ကျွန်တော်တို့ နောင်လျှော့ချထုတ်လုပ်ခြင်းမှ ထွက်ရှိလာမယ့်သစ်လုံးများနဲ့ တစ်ပါတည်း အိတ်ဖွင့်တင်ဒါစနစ်နဲ့ လွတ်လပ်ပွင့်လင်းစွာရောင်းချခြင်း၊ ရောင်းချတဲ့သစ်လုံးများကို သစ်အချောထည်လုပ်ငန်းနှင့် သစ်ခွဲသားအဖြစ် ခွဲစိတ်ရောင်းချသည့်လုပ်ငန်းများမှာ သုံးစွဲရန် ဒီလုပ်ငန်းစဉ်နှစ်ရပ်နဲ့ ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ယခုအခါမှာ ပြည်ပပို့သစ်အလုံးလိုက်တင်ပို့ခြင်းကို ရပ်ဆိုင်းပြီးတဲ့အပြင် သစ်ထုတ်လုပ်မှုကိုလည်း နှစ်စဉ်လျှော့ချထုတ်လုပ်လျက်ရှိပါတယ်။ နိုင်ငံတော်မှ သစ်တောသယံဇာတအပေါ် မှီခိုမှုနှင့် လိုအပ်မှုများ လျှော့နည်းလာတာနဲ့အမျှ သစ်ထုတ်လုပ်မှုလုပ်ငန်းစဉ်များဟာလည်း တဖြည်းဖြည်း လျော့နည်း ရပ်ဆိုင်းသွားမည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ထမံသီရေဝပ်ဧရိယာနှင့် လောင်းမင်းစိုက်ပျိုးဧရိယာတို့မှ သစ်တောလက်ကျန်ဧက၊ ဟုမ္မလင်းမြို့၊ မုံရွာမြို့၊ မန္တလေးမြို့များရှိ အထပ်သားလွှာစက်ရုံတို့ကို မည်သည့်နှစ်မှစ၍ နှစ်စဉ်၊ နှစ်အလိုက်ပေးပို့ရသော သစ်တန်ချိန်၊ ထမံသီစီမံကိန်း ဆည်ရေဝပ်ဧရိယာ သစ်တောအပြောင်ရှင်းခြင်းကို ဆည်တည်ဆောက်ချိန်မှ ခုတ်ထွင်ပါက အချိန်မီပြီးစီးနိုင်ခြင်းရှိ/မရှိတို့ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်မွေးလွင်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ မေးမြန်းမယ့်မေးခွန်းကတော့ နိုင်ငံအတွင်းမှာရှိတဲ့ သစ်တောတွေ၊ မြေပြင်မှာ ပကတိအရှိနဲ့ နိုင်ငံတော်စာရင်းရှိတွေ ကွာဟလျက်ရှိနေကြောင်း နိုင်ငံတော်ကနေပြီးတော့ သိရှိစေလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်မှာဆိုရင် သဘောကြီး

တွေနဲ့ သစ်လုံးဆိုဒ်စုံတွေ၊ သစ်အပါးလွှာတွေ စုန်ဆင်းနေကြတာဟာ ကြည့်မကောင်း၊ ရှုမကောင်း ဖြစ်နေကြတဲ့အတွက် လွှတ်တော်မှာမေးခွန်းတင်ပြီးတော့ ကြယ်ပွင့်မပြ ကျွန်မမေးမြန်းခဲ့ဖူးပါတယ်။ အဲ့ဒီအခါမှာ ဟုမ္မလင်းမြို့နယ်မှာရှိတဲ့ သစ်အပါးလွှာစက်ရုံနှစ်ရုံအတွက် ကုန်ကြမ်းကို ထမံသီရေဝပ် ဧရိယာဇကေ ၃၀၀၄၈၅ နဲ့ လောင်းမင်းစိုက်ပျိုးမြေဧရိယာဇကေ ၈၀၀၀၀ တို့ကနေပြီးတော့ အပြောင်ရှင်း ထုတ်လုပ်တဲ့သစ်တွေဖြစ်တဲ့အတွက် သစ်တောဥပဒေနှင့်ငြိစွန်းကြောင်းလည်း သိရှိခဲ့ရပါတယ်။ သစ်လုံးသေးသေးလေးတွေ စုန်ဆင်းနေတာကတော့ မုံရွာနှင့်မန္တလေး အထပ်သားစက်ရုံကို တင်ပို့နေတဲ့ အကြောင်း သယ်ယူပို့ဆောင်ပေးနေတဲ့သူတွေကကိုလည်း သိရှိထားပါတယ်။ မုံရွာ၊ မန္တလေး အထပ်သားစက်ရုံတွေကို ၂၀၁၃-၂၀၁၄ မိုးတွင်းအထိ တင်ပို့ပေးနေဆဲဖြစ်ကြောင်းလည်း စုံစမ်းသိရှိရပါတယ်။ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်မှာဆိုလို့ရှိရင်လည်း မြင်တွေ့နေကြရတာပါ။ ရပ်တန့်သွားခြင်းလည်း အခုထိမရှိသေးပါဘူး။ ဟုမ္မလင်းမြို့နယ်မှာရှိတဲ့ သစ်အပါးလွှာစက်ရုံတွေ၊ မုံရွာ၊ မန္တလေး စက်ရုံတွေမှာလည်း အနေအထားမပျက် ဆက်လက်လည်ပတ်နေဆဲပဲ ဖြစ်ကြပါတယ်။ ချင်းတွင်းဒေသတစ်လျှောက်မှာဆိုရင်လည်း မှောင်ခိုသစ်တွေ ဖမ်းဆီးရမိတဲ့ အမှုကြီး၊ အမှုသေးပေါင်းများစွာလည်း ပေါ်ပေါက်နေဆဲဖြစ်ပါတယ်။ လွှတ်တော် နဝမပုံမှန်အစည်းအဝေး(၂၁) ရက်မြောက်နေ့မှာ ကျွန်မ ထပ်မံပြီးတော့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းခဲ့တဲ့ အပြောင်ရှင်းစနစ်ဖြင့် ခုတ်ထွင်ခဲ့တဲ့သစ်တောတွေကို မည်သူတာဝန်ယူပြီးတော့ စိုက်ပျိုးပေးမလဲလို့ မေးခွန်းထုတ်တဲ့အခါမှာ လျှပ်စစ် ဒုတိယဝန်ကြီးကနေ အပြောင်ရှင်းသစ်ထုတ်လုပ်ငန်းကို လောင်းမင်းစိုက်ပျိုးမြေဇကေ ၈၀၀၀၀ အတွက် သစ်တောကို ၂၀၀၅-၂၀၀၆ မှစတင်ခုတ်ခဲ့ပြီးတော့ ၂၀၁၂-၂၀၁၃ စီမံကိန်းရပ်ဆိုင်းချိန်မှာ ၇.၈၆ ရာခိုင်နှုန်းနဲ့ ထမံသီဆည်ရေဝပ်ဧရိယာ သစ်တောဇကေ ၃၀၀၄၈၅ ကနေ ၁၀.၆ ရာခိုင်နှုန်းပဲ ထုတ်လုပ်ခဲ့ပါကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောတောရေးရာဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဖြေကြားခဲ့တာကို ကျွန်မမှတ်သားလိုက်ရပါတယ်။ အဲ့ဒီအဖြေကို မျှော်လင့်စောင့်စားနေကြတဲ့ ချင်းတွင်းဒေသပြည်သူအများစုဟာ လက်တွေ့မဆန်တဲ့မြေပြင်ရှိ ကွာခြားနေတဲ့ ကိန်းဂဏန်းတွေဖြစ်တဲ့အတွက်ကြောင့် မကျေနပ်ခဲ့ကြတဲ့အတွက် ကျွန်မဆီကို မေးခွန်းတွေ ထပ်မံပြီးတော့တက်လာပါတယ်။ ဒါကြောင့်မို့လို့ အောက်ပါမေးခွန်းတွေရဲ့ အခြေအနေတွေကို ထပ်မံသိရှိလိုလို့ ဒေသခံပြည်သူတွေရဲ့ကိုယ်စား ကျွန်မမှ လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ (က) ထမံသီရေဝပ်ဧရိယာနှင့် လောင်းမင်းစိုက်ပျိုးဧရိယာတို့မှ ယခုမြေပြင်ရှိ အမှန်သစ်တောလက်ကျန်ဇကေ၊ (ခ) ဟုမ္မလင်းမြို့နယ် သစ်အပါးလွှာစက်ရုံနှစ်ရုံ၊ မုံရွာနှင့် မန္တလေး အထပ်သားလွှာစက်ရုံတို့ကို နှစ်စဉ်၊ နှစ်အလိုက်ပေးပို့

နေရတဲ့ သစ်တန်ချိန်၊ (ဂ) ထမံသီစီမံကိန်းဆည်ရေဝပ်ဧရိယာ သစ်တောအပြောင်ရှင်းခြင်းကို ဆည်တည်ဆောက်ချိန်မှ ခုတ်ထွင်ပါက အချိန်မီပြီးစီးနိုင်ခြင်းရှိ/မရှိတို့ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မွှေးလွင်ရဲ့ ထမံသီရေဝပ်ဧရိယာ သတ်မှတ်ဧက ၃၀၀၄၈၅ မှ ယခုမြေပြင်ရှိ အမှန် သစ်တောလက်ကျန်ဧက၊ လောင်းမင်းစိုက်ဧက ၈၀၀၀၀ လျာထားပြီး ယခုမြေပြင်ရှိ အမှန်သစ်တောလက်ကျန်ဧက၊ ဟုမ္မလင်းမြို့နယ် သစ်အပါးလွှာစက်ရုံ နှစ်ရုံ၊ မုံရွာအထပ်သားစက်ရုံ၊ မန္တလေး အထပ်သားလွှာစက်ရုံတို့ကို မည်သည့်နှစ်မှစ၍ နှစ်စဉ်၊ နှစ်အလိုက်ပေးပို့ရသော သစ်တန်ချိန်နှင့် ပျဉ်းမနားမြို့နယ် (ငလိုက်ဆည်)ကဲ့သို့ ထမံသီစီမံကိန်း ဆည်ရေဝပ်ဧရိယာ သစ်တောအပြောင်ရှင်းခြင်းကို ဆည်တည်ဆောက်ချိန်မှ ခုတ်ထွင်ပါက အချိန်မီပြီးစီးနိုင်ခြင်းရှိ/မရှိ စတဲ့မေးခွန်းများကို ပြန်လည်ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

ဟုမ္မလင်းမြို့နယ်၊ ထမံသီရေအားလျှပ်စစ်စီမံကိန်းဟာ ၂၀၀၄-၂၀၀၅ ခုနှစ်မှာ အထူးဖွံ့ဖြိုးရေးစီမံကိန်းတစ်ရပ်အဖြစ်နဲ့ ကျွန်တော်တို့ စတင်ဆောင်ရွက်ခဲ့ကြပါတယ်။ စီမံကိန်းရေဝပ်ဧရိယာအတွင်းမှာ သစ်များ ရေမြုပ်ဆုံးရှုံးမှုမရှိစေရေး၊ ဆည်အရည်အသွေး မထိခိုက်စေရေးအတွက် ရေဝပ်ဧရိယာအပြောင်ရှင်းသစ်ထုတ်ခြင်းကို ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အထိ ဆောင်ရွက်ခဲ့ရာမှာ စုစုပေါင်း သစ်မာ ၂၁၃၁၈၄ တန်ထုတ်လုပ်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ရပ်ဆိုင်းခဲ့ပါတယ်။ ဆည်ရေဝပ်ဧရိယာ အပြောင်ရှင်း သစ်ထုတ်လုပ်ခြင်းဆောင်ရွက်ရာမှာ ရင်စို့လုံးပတ် နှစ်ပေနှင့်အထက်အပင်များကို ပင်ထောင်ရိုက်မှတ်ခြင်း၊ ရိုက်မှတ်ထားသော မှတ်ပင်ထောင်များကို ခုတ်လှဲ

ခြင်းတို့ကို ကနဦးလုပ်ငန်းအဖြစ် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ တစ်နည်းပြောရရင် နှစ်ပေနှင့်အထက် အပင်များကို ဦးစွာစတင်သစ်ထုတ်ခြင်းဖြစ်ပါတယ်။ ပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းဆောင်ရွက်ရာမှာလည်း သတ်မှတ်ရင်စို့လုံးပတ် ပြည့်မီတဲ့အပင်များကိုသာ ရွေးချယ်ရိုက်မှတ်ပေးခြင်း၊ ခုတ်လှဲရာမှာလည်း ရိုက်မှတ်ပေးထားသော အပင်များကိုသာ ခုတ်လှဲခြင်း၊ ထိုနည်းအပြင် သတ်မှတ်ထားတဲ့ ရေဝပ်ဧရိယာရဲ့အထက်ကိုတော့ မခုတ်ရဘဲနဲ့ ရေဝပ်ဧရိယာရဲ့အောက်ကိုသာ ခုတ်ယူစေခြင်းစတဲ့ ဒီလိုစနစ်တကျ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် ကျွန်တော်တို့ အမိကအားဖြင့် သတ်မှတ်ရင်စို့လုံးပတ် ပြည့်မီခြင်းမရှိတဲ့အပင်များဟာ သစ်တောဧရိယာအတွင်းမှာ ပျံ့နှံ့စွာကျန်ရှိခဲ့တဲ့အတွက် တောလုံးဝပျက်စီးသွားခြင်း အနေအထားမျိုးမဟုတ်ပါကြောင်း အသိပေးလိုပါတယ်။ စီမံကိန်းရပ်ဆိုင်းသည်ဟုသိရချိန်မှာ သစ်ထုတ်ခြင်းကိုလည်း ရပ်ဆိုင်းခဲ့သဖြင့် ခုနက ကျွန်တော်တင်ပြခဲ့သလို နှစ်ပေအောက် ပင်ထောင်တွေကို ကျွန်တော်တို့ ခုတ်လှဲခြင်းမရှိတဲ့အတွက် သစ်တောဧရိယာ၊ သစ်တောနယ်မြေ လုံးဝလက်ရှိအတိုင်းသာ ကျန်ရှိပါကြောင်း ဖော်ပြလိုပါတယ်။ နောက်ထိုနည်းတူပဲ ကျွန်တော်တို့ ရင်စို့လုံးပတ် နှစ်ပေနှင့်အထက် ရောင်းတန်းဝင်များကိုသာ ကျွန်တော်တို့ ထုတ်လုပ်ခဲ့တဲ့အတွက် ကျွန်တော်တို့ရဲ့ဧရိယာတွေအားလုံး မူလအတိုင်းတည်ရှိဆဲဖြစ်သလို ဆည်တည်ဆောက်ပြီးပါက ရေနစ်မြုပ်သွားမယ့်ကျေးရွာများ ရွှေ့ပြောင်းနေရာချထားနိုင်ရေးအတွက် ဟုမ္မလင်းမြို့ရဲ့တောင်ဘက် လောင်းမင်းဒေသ ရွှေပြည်အေးမြို့သစ်နှင့် စိုက်ပျိုးရန်မြေနေရာ ဖော်ထုတ်ဖို့ အစီအစဉ်အရ မြေဧရိယာ ဧက ၈၀၀၀၀ သတ်မှတ်ထားရှိခဲ့ပါတယ်။ တကယ်လက်တွေ့မှာ အဲ့ဒီဧကရဲ့ပမာဏ ၆၂၉၀ ဧကကိုသာ ကျွန်တော်တို့ကခုတ်လှဲထုတ်လုပ်ပြီးတော့မှ ကျန်တဲ့ဧကတွေကတော့ မူလကျန်ရှိတဲ့အတိုင်း သစ်တောကျန်ရှိလျက်ရှိပါတယ်။ တစ်နည်းအားဖြင့် ၇၃၇၁၀ ဧကကတော့ တောကျန်အဖြစ်နဲ့ ကျန်ရှိနေပါကြောင်း ကျွန်တော်တို့ဖော်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းရာမှာပါရှိတဲ့ သစ်ပါးလွှာစက်ရုံ၊ အထပ်သားစက်များကို သစ်မာသစ်လုံး (ကုန်ကြမ်း) နှစ်စဉ်ပေးပို့ခြင်းနှင့်ပတ်သက်လို့ ဟုမ္မလင်းမြို့နယ်ရှိ သစ်ပါးလွှာစက်ရုံနှစ်ရုံအတွက် ၂၀၀၇-၂၀၀၈ ခုနှစ်မှာ ၆၈၆ တန်၊ ၂၀၀၈-၂၀၀၉ ခုနှစ်မှာ ၈၃၉၈ တန်၊ ၂၀၀၉-၂၀၁၀ ခုနှစ်မှာ ၆၃၈၄ တန်၊ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ ၉၁၂၄ တန်၊ ၂၀၁၁-၂၀၁၂ မှာ ၃၁၉၁၇ တန်၊ ၂၀၁၂-၂၀၁၃ မှာ ၂၅၈၃၂ တန်၊ ၂၀၁၃-၂၀၁၄ မှာ ၃၁၆၃၄ တန်ကိုလည်းကောင်း၊ မုံရွာမြို့နယ်မှာရှိ အထပ်သားစက်ရုံ၊ သစ်ပါးလွှာစက်ရုံအတွက် ကျွန်တော်တို့ ၂၀၀၇-၂၀၀၈ မှာ ၁၆၇၀၇ တန်၊ ၂၀၀၈-၂၀၀၉ မှာ ၁၁၁၁၀ တန်၊ ၂၀၀၉-၂၀၁၀ မှာ ၁၁၇၀၆ တန်၊ ၂၀၁၀-၂၀၁၁ မှာ ၁၅၁၃၂ တန်၊ ၂၀၁၁-၂၀၁၂ မှာ ၁၃၀၆၉ တန်၊

**မူကြမ်း**

၂၀၁၂-၂၀၁၃ မှာ ၂၀၉၆၀ တန်၊ ၂၀၁၃-၂၀၁၄ မှာ ၁၈၁၀၂ တန်ကိုလည်းကောင်း၊ မန္တလေး (ကျောက်ဆည်မြို့နယ်) သစ်ပါးလွှာစက်ရုံအတွက် ၂၀၀၉-၂၀၁၀ ခုနှစ်မှာ ကျွန်တော်တို့ သစ်မာ ၁၁၀၁၈ တန်ကိုလည်းကောင်း အသီးသီးဖြည့်ဆည်းပေးခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ထမံသီရေအားလျှပ်စစ်စီမံကိန်းကို ရပ်ဆိုင်းခဲ့ခြင်းကြောင့် အဆိုပါဒေသမှ သစ်ထုတ်လုပ်ခြင်းများကိုလည်း ရပ်ဆိုင်းထားရှိပြီးဖြစ်ပါတယ်။ အဆိုပါဒေသမှ မူလက ထုတ်ယူထားပြီးတဲ့သစ်များနှင့် ကျွန်တော်တို့ သစ်ထုတ်လုပ်ရေးစီမံချက်အရ ထုတ်လုပ်လျက်ရှိတဲ့ မော်လိုက်(အရှေ့)၊ မော်လိုက် (အနောက်)၊ မုံရွာဒေသ သစ်ထုတ်ရေးဒေသမှ ထွက်ရှိတဲ့သစ်များကို သစ်ပါးလွှာစက်ရုံနှင့် အထပ်သား စက်ရုံများကို ကုန်ကြမ်းဝယ်ယူခွင့်ပေးလျက်ရှိသလို သစ်ကုန်ကြမ်းများသယ်ယူရာမှာ ကုန်ကျစရိတ် သက်သာစွာသယ်ယူနိုင်မယ့် လမ်းကြောင်းအနေနဲ့ ချင်းတွင်းမြစ်ကြောင်းကိုသာ အသုံးပြုလျက်ရှိတဲ့ အတွက် စက်ရုံတည်ရှိရာနေရာနှင့် သစ်ဆိပ်များကို သယ်ဆောင်ရာမှာ သစ်များဟာ စဉ်ဆက်မပြတ် စီးဆင်းနေတဲ့သဘောဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒီ့အပြင် ကျွန်တော်ဖြည့်စွက် တင်ပြလိုတာက တော့ အဲ့ဒီချင်းတွင်းမြစ်ရဲ့အထက်ပိုင်းမှာ သစ်တောစီမံအုပ်ချုပ်တဲ့ ဥပဒေအရာရှိများ အုပ်ချုပ်တဲ့မြေ မဟုတ်သော်လည်း မြေလွတ်၊ မြေရိုင်းအရ စက်မှုကုန်ကြမ်းစိုက်ခင်း၊ ရာဘာ နောက် တခြားသော စိုက်ခင်းတွေထူထောင်ဖို့အတွက် မြေလွတ်၊ မြေရိုင်းဗဟိုကခွင့်ပြုတဲ့မြေပေါ်မှာ အပြောင်းရှင်းတဲ့သစ် တွေထွက်ရှိမှုကလည်းရှိပါတယ်။ ဒါလည်း ဟုမ္မလင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကိုယ်တိုင်မေးမြန်းစဉ်ကလည်း ကျွန်တော်ဖြေကြားခဲ့ပါတယ်။ ကုမ္ပဏီငါးခုကထုတ်လုပ်လျက်ရှိတဲ့ တန်ပေါင်း ၃၀၀၀၀ ကျော်ရှိပါတယ်။ နှစ်စဉ် အပြောင်းရှင်းတဲ့ ခုနက ကျွန်တော်တို့ သစ်တောဥပဒေက စီမံအုပ်ချုပ်တဲ့ မြေမဟုတ်တဲ့ မြေလွတ်၊ မြေရိုင်းက ထွက်နေတဲ့သစ် အဲ့ဒီအပြောင်းရှင်းတဲ့လုပ်ငန်းတွေ ကိုလည်း ကျွန်တော်တို့က စနစ်တကျသစ်တောသစ်ပင်ပေါက်ရောက်မှုကို ကြီးကြပ်ပြီး သတ်မှတ်ထား တဲ့ရာခိုင်နှုန်းထက် မကျော်လွန်တဲ့အပိုင်းကိုသာ ကျွန်တော်တို့က ခွင့်ပြုပါတယ်။ နောက်နှစ်စဉ် လုပ်ငန်းပမာဏ၊ လုပ်နိုင်တဲ့ပမာဏကိုသာ ခွင့်ပြုပါတယ်။ မြေလွတ်၊ မြေရိုင်းဗဟိုက ဧက ထောင် သောင်းပေးသော်ငြားလည်း နှစ်စဉ်ဆောင်ရွက်နိုင်တဲ့ပမာဏနဲ့အညီပဲ ကျွန်တော်တို့က စိစစ်ပြီး ခုတ်လှဲရှင်းလင်းခွင့်ပြုပါတယ်။ ဒါလေးကိုလည်း ကျွန်တော် သိနိုင်အောင် ဖြည့်စွက်တင်ပြလိုပါတယ်။

နောက် ကျွန်တော်တို့ ဆက်လက်ပြီးတော့မှ ပျဉ်းမနားမြို့နယ်၊ ငလိုက်ဆည်ကဲ့သို့ ထမံသီ စီမံကိန်း ဆည်ရေဝပ်ဧရိယာ သစ်တောအပြောင်းရှင်းခြင်းကို ဆည်တည်ဆောက်ချိန်မှ ခုတ်ထွင်ပါက

အချိန်မီပြီးစီးနိုင်ခြင်းရှိ/မရှိနှင့်ပတ်သက်လို့ ငလိုက်ဆည်ရဲ့ ကန်ရေပြည့်ဧရိယာ(Water Spread Area) ဟာ ၃၈၀၅၀ ဧကရှိကြောင်း လေ့လာသိရှိရပါတယ်။ ထို့နည်းတူ ထမံသီရေအားလျှပ်စစ်စီမံကိန်းဟာ ခန္တီးအထက်ပိုင်း တဖုံးအနီးကနေ ချင်းတွင်းမြစ်ကို ဆည်ပိတ်ပြီး ရေအားလျှပ်စစ်ထုတ်ယူမယ့်အတွက် ကန်ရေပြည့်ဧရိယာ(Water Spread Area) ဟာ ၃၄၄၉၆၀ ဧကရှိတဲ့အတွက် ကြီးမားတဲ့စီမံကိန်းဖြစ်ကြောင်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒီ ကျယ်ပြန့်တဲ့ ဆည်ရေဝပ်ဧရိယာထဲမှာ ကျွန်တော်တို့ သစ်တောများ အပြောင်ရှင်းခုတ်လှဲခြင်းကို ခုနက ကျွန်တော်ဖော်ပြခဲ့တဲ့ပမာဏနှင့် နှိုင်းယှဉ်ပြီး ဒီ့အပြင် ထမံသီရေဝပ် ထမံသီရေအားလျှပ်စစ်စီမံကိန်းဟာ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်တဲ့စီမံကိန်းဖြစ်တဲ့အတွက် ကျွန်တော်တို့ဘက်က ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်များကို အချိန်နှင့် တစ်ပြေးညီပြီးစီးရေးအတွက် ကြိုတင်ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မေးခွန်းများအပေါ်မှာ ကျွန်တော့်အနေနဲ့၊ ကျွန်တော်တို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ ဒီဆည်ရေဝပ်ဧရိယာတွေကို စနစ်တကျသက်ဆိုင်ရာသုံးစွဲမယ့် ဝန်ကြီးဌာန ဥပမာအားဖြင့် ကျွန်တော်တို့ဆီမှာ ရေအားလျှပ်စစ်ဦးစီးဌာန၊ ထို့နည်းတူပဲ ကျွန်တော်တို့ ဆည်မြောင်းဦးစီးဌာနမှ ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်များရဲ့ သတ်မှတ်ပေးထားတဲ့ ရေကန်အပြည့်ဧရိယာရဲ့အတွင်းကိုသာလျှင် ခုတ်လှဲထုတ်လုပ်ခြင်းဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**တောင်သူလယ်သမားများအတွက် နှစ်ရှည်ချေးငွေများ ချေးနိုင်/မချေးနိုင်နှင့် အရစ်ကျပေးဆပ်ရာတွင် သီးနှံပေါ်ချိန်ကာလတွင် သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ကြိုင်၊ ညောင်ဦးမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြိုင်(ညောင်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ဧည့်သည်တော်များ၊ လေ့လာရန်ရောက်ရှိနေကြသော ဧည့်သည်တော်များ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင် ဖြစ်ပါတယ်။ ကျွန်တော်တင်ပြမှာကတော့ တောင်သူလယ်သမားများအတွက် ဖြစ်ပါတယ်။ တောင်သူလယ်သမားများ လုပ်ငန်းခွင်အသုံးပြုနိုင်ရန် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမှုနှင့်ပတ်သက်၍ တင်ပြလိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပထဝီအနေ

အထားအရ နှစ်စဉ်နေမွန်းတည့်ခြင်း နှစ်ကြိမ်ရှိပါတယ်။ ဇွန်လ ၂၁ ရက်နဲ့ ဩဂုတ်လ ၂၁ ရက်ဖြစ်ပါတယ်။ ပထမမွန်းတည့်ချိန်၏ရှေ့တစ်လဖြစ်သော မေလ ၂၁ ရက်ဝန်းကျင်တွင် မုတ်သုံလေများစတင်ဝင် ရောက်လာပါသဖြင့် မိုးရာသီဟုခေါ်၍ သီးနှံစိုက်ပျိုးမှုများ စတင်မှာ ဖြစ်ပါတယ်။ တစ်ဖန်ဒုတိယမွန်းတည့်ခြင်းရက်ရှေ့တစ်လအကြို ဇူလိုင်လ ၂၁ ရက်နေ့ဝန်းကျင်တွင် မုတ်သုံဝင်ရောက်လာတဲ့လမ်းကြောင်းကို တနင်္သာရီကမ်းမြောင်နှင့် ရခိုင်ကမ်းရိုးတမ်းတို့အပြောင်းအလဲဖြစ်ချိန်ဖြစ်ပါတယ်။ ထိုကာလမှာ ဝါဆိုမိုးရွာသွန်း၍ မိုးလယ်သီးနှံများ စိုက်ပျိုးကြပါတယ်။

ဒုတိယမွန်းတည့်ခြင်းရဲ့ နောက်တစ်လအကြာ စက်တင်ဘာလ ၂၁ ရက်ဝန်းကျင်ဟာ မြန်မာနိုင်ငံမှ မုတ်သုံလေစတင်ထွက်ခွာ၍ မိုးနှောင်းရာသီတွင် သီးနှံအောင်မိုးရွာသွန်းပါတယ်။ ဆောင်းရာသီ ဆောင်းသီးနှံများ စိုက်ပျိုးကြပါတယ်။ နှင်းကျချိန်ဖြစ်၍ နှင်းဖြင့်သီးနှံပင်များ ဖြစ်ကြပါတယ်။ တောင်သူများ အချိန်နှင့်တစ်ပြေးညီ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြရတာကို သိသာပေါ်လွင်စေရန် မိုးရွာသွန်းချိန်များကို တင်ပြရခြင်း ဖြစ်ပါတယ်။ စိုက်ပျိုးရေးဘဏ်အနေဖြင့် မေလဝန်းကျင်တွင် စိုက်ပျိုးရေးစရိတ်ချေးငွေများ ထုတ်ချေးပေးပါတယ်။ ဒီဇင်ဘာ သို့မဟုတ် ဇန်နဝါရီလတွင် ထုတ်ချေးငွေများ ပြန်လည်သိမ်းယူပါတယ်။ အချိန်အားဖြင့် ခုနစ်လ၊ ရှစ်လကြာမျှချေးငှားပါတယ်။ အတိုးနှုန်းမှာ တစ်လလျှင် ဝ.၇၁ ရာခိုင်နှုန်းဖြစ်၍ အလွန်သက်သာလှပါတယ်။ မနေ့ကပြောပြချက်အရဆိုရင် ၄၂ ပြားနှုန်း အတိုးနှုန်းသာရှိတယ်ဆိုတဲ့အခါ အင်မတန် ကျွန်တော်တို့ ဝမ်းမြောက်မိပါတယ်။ ဒါပေမယ့် သီးနှံအထွက်မကောင်းခြင်း သို့မဟုတ် ရောင်းလိုအားများပြီး ဝယ်လိုအားကျသောကြောင့် အရှုံးပေါ်တဲ့နှစ်များဆိုလို့ရှိရင် တောင်သူများဟာ စိုက်ပျိုးစရိတ်ချေးငွေများ ပြန်ဆပ်နိုင်ရန် အခက်အခဲရှိပါတယ်။ အဲ့တော့ ပြန်ဆပ်နိုင်တဲ့အခါမှာ အခက်အခဲရှိတဲ့အတွက် အပြင်ကနေပြီးတော့ ၁၀ ရာခိုင်နှုန်း၊ ၁၀ နှုန်း တချို့ ၁၅ ကျပ်နှုန်း၊ အတိုးနှုန်းဖြင့် ချေးဆပ်ခဲ့ရပါတယ်။ အဲ့ဒီလို အတိုးနှုန်းကြီးစွာပေးပြီးတော့ ပြန်လည်ပေးဆပ်ရတဲ့အခါမှာ တောင်သူလယ်သမားများအနေနဲ့ ပိုမိုပြီးတော့ဆင်းရဲကြပါတယ်။ ဒါ့ကြောင့်မို့လို့ တောင်သူများကို နှစ်တိုချေးငွေထုတ်ချေးခြင်းမပြုဘဲ နှစ်ရှည်ချေးငွေများ ထုတ်ချေး၍ အရစ်ကျပြန်ဆပ်စနစ်ဖြင့် ထုတ်ချေးမည်ဆိုပါက တောင်သူလယ်သမားများအတွက် ပိုမိုအဆင်ပြေလာနိုင်ဖွယ်ရာ ရှိပါတယ်။

ဒါ့ကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်သူလယ်သမားများအတွက် မေးမြန်းလိုတဲ့အချက် သုံးချက်ရှိပါတယ်။ (၁)အချက်ကတော့ တောင်သူလယ်သမားများအတွက်

နှစ်ရှည်ချေးငွေများချေးနိုင်/မချေးနိုင်၊ (၂)ကတော့ ပြန်ဆပ်ရာတွင် အရစ်ကျစနစ်ဖြင့် ဆပ်နိုင်/မဆပ်နိုင်၊ (၃)ကတော့ အရစ်ကျပေးဆပ်ရာမှာ သီးနှံပေါ်ချိန်ကာလတွင် သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါမယ်။ ပြန်လည်စတင်တဲ့အချိန်မှာ ဆက်လက်ပြီးတော့ အစဉ်အတိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**အချိန်၊၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**အချိန်၊၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ရခိုင်ပြည်နယ်အတွင်း သီးထပ်စိုက်စွမ်းအားမြင့်မားလာရေး၊ တောင်သူလယ်သမားများ ဆင်းရဲမှုလျှော့ချရေးနှင့် ဝင်ငွေပိုမိုရရှိရေးအတွက် မြစ်ရေတင်စီမံကိန်းများတည်ဆောက်ရန် နှစ်အလိုက်စီမံချက်များရေးဆွဲဆောင်ရွက်ရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလေးခုအား လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တစ်စပ်တစ်ဆက်တည်းဖြေရမှာဖြစ်တဲ့အတွက် အချိန်ငဲ့ညှာသောအားဖြင့် အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ဆက်လက်မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ အမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွင်းမှာ မြစ်ရေတင်စီမံကိန်းများနှင့်

ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ အဓိကစီးပွားရေး လုပ်ငန်းကတော့ စိုက်ပျိုးရေးလုပ်ငန်းပဲဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာလည်း နှစ်စဉ်မိုးရေချိန် လက်မ ၂၀၀ ကျော်ရှာတဲ့အတွက် ရေချိုစီးဆင်းတဲ့မြစ်ချောင်းများစွာ ရှိပါတယ်။ သို့ရာတွင် မြစ်ရေတင်စီမံကိန်းများမှာ ရခိုင်ပြည်နယ်အတွင်း လက်ချိုးရေတွက်ရရှိတဲ့အနေအထားဖြစ်တဲ့အတွက် အလွန်နည်းပါးနေပါတယ်။

ဒါ့အပြင် ရခိုင်ပြည်နယ်ရဲ့ သီးထွက်စိုက်ပျိုးရေးဧရိယာမှာလည်း စိုက်ပျိုးနိုင်တဲ့ဧကနဲ့နှိုင်းယှဉ်ပါက များစွာနည်းပါးနေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ မြေအသုံးချမှုစာရင်းများအရ ရခိုင်ပြည်နယ်အတွင်းမှာ လယ်ဧက ၉၇၀၀၀၀ ကျော်၊ ယာဧက ၂၃၀၀၀၀ ကျော်နှင့် ကိုင်း/ကျွန်းဧက ၁၃၀၀၀ ကျော်ရှိပါတယ်။ မိုးစပါးဧက ဆယ်သိန်းကျော်စိုက်ပျိုးပြီးတော့မှ နွေစပါးကတော့ ၂၂၀၀၀ ကျော်ဧကစိုက်ပျိုးပါတယ်။ အဲ့ဒီထဲမှာ ဆည်ရေ ရေစုပ်စက်ဖြင့်တင်တဲ့ မြစ်ချောင်းရေတင် ချောင်းပိတ်ရေတင်ကိစ္စကတော့ ၂၂၀၀၀ လောက်ပဲ ရှိပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ ကျွန်တော်တို့ စပါးဖူလုံပိုလျှံပြီးတော့မှ နိုင်ငံခြားကိုလည်းပဲ တင်ပို့နိုင်တဲ့အနေအထားရှိပါတယ်။

ဒီလယ်ယာကဏ္ဍမှာ ပိုမိုထွက်ရှိလာမယ်ဆိုရင် ရခိုင်ပြည်နယ်ရဲ့ စီးပွားရေးဟာလည်း ပိုမိုတိုးတက်လာမှာ ဖြစ်ပါတယ်။ ဆီဖူလုံမှုကတော့ ကျွန်တော်တို့ ၅၅.၈၂ ရာခိုင်နှုန်းလောက်ပဲရှိပါတယ်။ ရခိုင်ပြည်နယ်ဟာ ကျွန်တော်တို့ မိုးများတဲ့နယ်မြေဖြစ်တဲ့အပြင် ကျွန်တော်တို့ ရေချိုရရှိတဲ့ မြစ်ချောင်းကြီးများလည်း များစွာရှိပါတယ်။ အဲ့ဒီချောင်းတွေကတော့ ပြူးမချောင်း၊ မေယုမြစ်၊ ကစ္စပနဒီမြစ်၊ လေးမြို့မြစ်၊ ဖုံသာချောင်း၊ ရိုးချောင်း၊ အမ်းချောင်း၊ ဒလက်ချောင်း၊ မရီချောင်း၊ သံတွဲချောင်းနှင့် ကျိန်တလီချောင်းတို့ ဖြစ်ပါတယ်။ ကောက်ယူထားတဲ့ စာရင်းဇယားများအရ ရခိုင်ပြည်နယ်မှာရှိတဲ့ မြစ်ချောင်းကြီးများရဲ့ မြစ်ကမ်းဘေးမှာ ရေချိုရရှိနိုင်တဲ့လယ်မြေများ အများအပြားရှိပါတယ်။

မြစ်ကမ်းဘေး တစ်မိုင်အတွင်းမှာ ကျွန်တော်တို့ ရှိတဲ့လယ်မြေကတော့ ဧက ၃၉၀၀၀ ကျော်ရှိပါတယ်။ မြစ်ကမ်းဘေး နှစ်မိုင်အတွင်းမှာရှိတဲ့ လယ်ဧက ကတော့ ၆၉၀၀၀ ကျော်လောက်ရှိပါတယ်။ မြစ်ကမ်းဘေးကနေမှ ချောင်းကမ်းဘေးကနေမှ သုံးမိုင်အတွင်းမှာရှိတဲ့ ဧက ကတော့ ကျွန်တော်တို့ ၁၂၀၀၀၀ ကျော်လောက်ရှိပါတယ်။ စုစုပေါင်းမယ်ဆိုလို့ရှိရင် မြစ်ကမ်းဘေးကနေမှ ကျွန်တော်တို့ ရေချိုရရှိနိုင်တဲ့ ချောင်းမြောင်းရဲ့ မြစ်ကမ်းဘေးမှာ လယ်ဧကစုစုပေါင်း ကျွန်တော်တို့ ၂၀၀၀၀၀ ကျော်ဟာ ရေတင်စိုက်ပျိုးလို့ရတဲ့အနေအထား သုံးမိုင်လောက်ပဲဝေးပါတယ်။ ဒါပေမယ့် လက်ရှိအနေ

အထားအရ ကျွန်တော်တို့ နွေစပါးစိုက်ပျိုးနိုင်တဲ့ မြစ်ရေတင်စီမံကိန်းဟာ ဧက ၂၀၀၀၀ ကျော်ပဲရှိတဲ့ အတွက် များစွာကွာဟနေပါတယ်။

ရေချိုစီးဆင်းတဲ့မြစ်ချောင်းများအနီးမှာရှိတဲ့ လယ်/ယာမြေများအပါအဝင် ရခိုင်ပြည်နယ်မှာရှိတဲ့လယ်သမားအများစုဟာ တစ်နှစ်မှာ မိုးသီးနှံတစ်မျိုးတည်းသာ စိုက်ပျိုးနိုင်တဲ့အတွက် တောင်သူအများစုဟာ ဆင်းရဲနေရခြင်း ဖြစ်ပါတယ်။ ရခိုင်တစ်ပြည်နယ်လုံးမှာလည်းပဲ မကြာမီ လျှပ်စစ်ဓာတ်အားရရှိတော့မည်ဖြစ်ရာ ကျွန်တော် မြစ်ရေတင်စီမံကိန်းများ စီစဉ်ဆောင်ရွက်ပေးနိုင်မယ်ဆိုလို့ရှိရင် သီးထွက်စွမ်းအား စိုက်စွမ်းအားများ တိုးတက်လာမှာဖြစ်ပြီးတော့မှ တောင်သူများဝင်ငွေတိုးတက်ပြီးတော့မှ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းအတွက် အဓိကအထောက်အကူပြုမယ့်လုပ်ငန်းလည်း ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ရခိုင်ပြည်နယ်အတွင်းမှာ မြစ်ရေတင်စီမံကိန်းလုပ်ငန်းများမှာ ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိကြောင်း သိရပေမယ့် လုပ်ဆောင်မယ့် စီမံချက်များကို အသေးစိတ်တိကျစွာ မသိရတဲ့အတွက် ပြည်သူများအနေနဲ့ မြစ်ရေတင်စီမံကိန်းများနှင့် ပတ်သက်ပြီးတော့မှ အထူးသိလိုကြပါတယ်။ စိတ်လည်းစိတ်ဝင်စားကြပါတယ်။

ဒါ့ကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ သီးထပ်စိုက်စွမ်းအားမြင့်မားလာစေရေး၊ တောင်သူလယ်သမားများရဲ့ ဆင်းရဲမှုလျှော့ချရေး၊ ဝင်ငွေပိုမိုတိုးတက်ရေးတို့အတွက် မြစ်ရေတင်စီမံကိန်းများ တည်ဆောက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့တွင် နှစ်အလိုက်စီမံချက်များရေးဆွဲဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ၊ နှစ်အလိုက်စီမံချက်များရေးဆွဲထားပါက ယင်းစီမံချက်ပါ မြစ်ရေတင်စီမံကိန်းများအား အသေးစိတ်ရှင်းလင်းဖြေကြားပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မြေစာရင်းပုံစံ ၁၀၅ နှင့် ၁၀၆ တို့တွင် ပိုင်ရှင်အမည်ပေါက်မဟုတ်သူက ရောင်းချပြီး မြေပိုင်ရှင်အဖြစ် အလွဲဖော်ပြချုပ်ဆိုခဲ့သော မှတ်ပုံတင်စာချုပ်တွင် မှတ်ပုံတင်အရာရှိကို စာချုပ်ပြုလုပ်သူများကဲ့သို့ မမှန်သက်သေခံဖန်တီးရာတွင် တာဝန်မကင်းဟုဆိုပါက မှန်/မမှန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးခင်မောင်ဝင်း၊ လမ်းမတော်မဲဆန္ဒနယ်မှ ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့

**မူကြမ်း**

ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ လမ်းမတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေး ကော်မတီအဖွဲ့ဝင်လည်းဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းဟာ ကျွန်တော်တို့ ကော်မတီကို ရောက်ရှိလာကြတဲ့တိုင်ကြားစာများမှာတွေ့မြင်ရတဲ့ မတရားဘက်လိုက်မှုတွေရဲ့ဘဝ ပေါ်ပေါက်လာလို့ မေးမြန်းရန်အတွက် ပေါ်ပေါက်လာခြင်း ဖြစ်ပါတယ်။

တိုင်ကြားစာတွေမှာ မြေအရောင်းအဝယ်မှတ်ပုံတင် စာချုပ်များပြုလုပ်ရာတွေမှာ မြေစာရင်းပုံစံ ၁၀၅ နဲ့ ၁၀၆ တို့မှာ ဖော်ပြတဲ့ မြေပိုင်ရှင်အမည်မပေါက်သူအား မိမိကိုယ်ကိုမြေပိုင်ရှင်အမည်ပေါက်သူ အဖြစ်လွဲမှားစွာဖော်ပြပြီး ဝယ်သူနဲ့ပူးပေါင်းပြီး စာချုပ်တွေ ချုပ်ဆိုကြခြင်းဖြစ်ပါတယ်။ ဒီလိုစာချုပ်တွေ လုပ်ဆောင်ရာမှာ မှတ်ပုံတင်အရာရှိက အဂတိလိုက်စားပြီး တိုးတိုးတိတ်တိတ်လုပ်ပေးတဲ့အတွက် မလိုအပ်ဘဲရှုပ်ထွေးတဲ့ အမှုအခင်းတွေများစွာ ဖြစ်ပေါ်လျက်ရှိပါတယ်။ ဒီ့အပြင်လည်း အခွန်ဦးစီးဌာနက ရောင်းချတဲ့တံဆိပ်ခေါင်းမှာပါတဲ့ နေ့ရက်ကိုအလေးမထားဘဲ နောက်ကြောင်းပြန်ရက်စွဲတွေနဲ့ ပေါ်ပေါက်နေတာကိုမြင်ပေမယ့် အဂတိလိုက်စားပြီး မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးတာတွေကိုလည်း တွေ့နေရပါတယ်။ အဲဒီကစပြီး တရားရုံးအဆင့်ဆင့်မှာ နှစ်ဘက်အမှုသည်တွေက မိမိတို့အမှုအနိုင်ရရှိရေးအတွက် ငွေများ၊ တရားနိုင်နည်းမျိုးစုံဖြင့် ချည်းကပ်ပြီးတော့ ဆောင်ရွက်ကြတဲ့အတွက် အဂတိလိုက်စားတဲ့ တရားရုံးတွေပေါ်ပေါက်ပါတယ်။ တရားရုံးတွေရဲ့ ဂုဏ်သိက္ခာကိုလည်း ကျဆင်းစေလျက်ရှိပါတယ်။ တရားဥပဒေစိုးမိုးမှုကိုလည်း ထိခိုက်စေလျက်ရှိပါတယ်။ ဒါကြောင့် အောက်ဖော်ပြပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းအပ်ပါတယ်။

မေးခွန်း(၁) မြေရာဇဝင်၊ မြေစာရင်းပုံစံ (၁၀၅) နှင့် (၁၀၆) တို့တွင်မြေပိုင်ရှင်အမည်ပေါက်မဟုတ်သူနှင့် ဝယ်သူတို့ကပူးပေါင်းလိမ်လည်ကာ ရောင်းသူက မိမိကိုယ်ကိုအမည်ပေါက် မြေပိုင်ရှင်အဖြစ် အလွဲဖော်ပြချုပ်ဆိုသော မှတ်ပုံတင်စာချုပ်တွင် မှတ်ပုံတင်အရာရှိကို စာချုပ်ပြုလုပ်သူများကဲ့သို့ မမှန်သက်သေခံဖန်တီးရာတွင် တာဝန်မကင်းဟုဆိုပါကမှန်/မမှန်၊ မှန်ကန်ခြင်းရှိ/မရှိ။ မေးခွန်း(၂) ထိုတာဝန်မကင်းသော မှတ်ပုံတင်အရာရှိအား သက်ဆိုင်ရာဌာနက အရေးယူပေးရန် အကြောင်းရှိ/မရှိ။ မေးခွန်း(၃) စာချုပ်တံဆိပ်ခေါင်းဝယ်ယူခဲ့သောနေ့ထက် တစ်လကျော်စောနေသောနေ့ကို နောက်ကြောင်းပြန် (Back Date)နဲ့ အလွဲဖော်ပြချုပ်ဆိုတဲ့ မှတ်ပုံတင်စာချုပ်တွင် မှတ်ပုံတင်အရာရှိ

ကို စာချုပ်ပြုလုပ်သူများကဲ့သို့ မမှန်သက်သေခံဖန်တီးရာတွင် တာဝန်မကင်းဟုဆိုပါက မှန်/မမှန်။ မေးခွန်း(၄) ထိုတာဝန်မကင်းသော မှတ်ပုံတင်အရာရှိအား သက်ဆိုင်ရာဌာနက အရေးယူပေးရန် အကြောင်းရှိ/မရှိ ဖြစ်ပါသည်။ အားလုံးကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**စစ်ကိုင်းမြို့နယ်အတွင်းရှိ ဆင်တပ်မြစ်ရေတင်စီမံကိန်းမှ သတ်မှတ်ဧကပေါင်း ၆၅၀၀ ကို ရေပေးဝေနိုင်ရန်နှင့် စီမံကိန်းအောင်မြင်အောင် ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးခင်မောင်သိန်း၊ စစ်ကိုင်းမဲဆန္ဒနယ်မှ ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ဒီမေးခွန်းပေါ်ပေါက်ခဲ့ရတာကတော့ နဝမအကြိမ်မှာ ကျွန်တော် လွှတ်တော်ကို တင်ပြခဲ့တာ ဖြစ်ပါတယ်။ နဝမအကြိမ် လွှတ်တော်နားတဲ့အချိန်မှာ စစ်ကိုင်းရောက်တဲ့အခါမှာ ဆင်တပ်မြစ်ရေတင်စီမံကိန်းရှင်းလင်းဆောင်မှာ ကျွန်တော်တို့ ခရိုင်ရေအရင်းအမြစ်အရာရှိ၊ စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်အရာရှိနှင့်တကွ ဒီမေးခွန်းကိုတင်ပြခဲ့ကြတဲ့ လယ်သမား ၃၀ ဦးခန့်ကို ဖိတ်ကြားပြီးတော့မှ ရှင်းလင်းခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ အပြုသဘောဆောင်ပေးခြင်းပဲဖြစ်ပါတယ်။ အမှန်တကယ်တော့ ဒီဆင်တပ်မြစ်ရေတင်စီမံကိန်းဟာ မအောင်မြင်ဘူးလို့ သုံးသပ်ရရှိတဲ့အတွက် ဖြစ်ပါတယ်။

ဒါ့ကြောင့် ကျွန်တော်ဆက်လက်တင်ပြပါ့မယ်။ စစ်ကိုင်းမြို့နယ်အတွင်းရှိ ဆင်တပ်မြစ်ရေတင်စီမံကိန်းဟာ ဆင်တပ်ကျေးရွာမှာအစပြုပြီး တစ်အိမ်တည်းတိုက်နယ် တစ်အိမ်တည်းကျေးရွာနယ်အဆုံးထိ ပေပေါင်း ၆၀၀၇၂၀ ပေအရှည် ၁၁ မိုင် ၅ ဖာလုံရှည်ပြီး မြောင်းအနံ ဗျပ်အကျယ်မှာ ပေ ၂၀၀ ခန့်ရှိပါတယ်။ မူလလျာထားတဲ့ မြစ်ရေတင်စီမံကိန်း ရေသောက်ဧကများဟာ ကျောက်ဆည်ကျေးရွာကွင်းမှာ ၁၆၅၈ ဧက၊ တစ်အိမ်တည်းကွင်းမှာ ၁၁၃၆ ဧက၊ ပဲကထိုးကွင်းမှာ ၄၅၈ ဧက၊ ညောင်ပင်ဇဉ်ကွင်းမှာ ၇၃၅ ဧက၊ ပြဲလျော်ကွင်းမှာ ၃၃၆ ဧက၊ ဆင်တပ်ကွင်းမှာ ၂၁၂၀ ဧက စုစုပေါင်း ၆၅၀၀ ဧက ရေပေးဝေရန် လျာထားခဲ့ပါတယ်။ အဲ့လိုလျာထားခဲ့သော်လည်းပဲ အမှန်တကယ်ရေပေးဝေနိုင်တာကတော့ ဧက ၂၀၀ ခန့်သာ ပေးဝေနိုင်ခဲ့တဲ့အနေအထားရှိတယ်လို့

သိရပါတယ်။ မြောင်းမကြီးတည်ဆောက်ခဲ့တဲ့အတွက် အသုံးပြုခဲ့ရတဲ့ တောင်သူများရဲ့ မြေဧရိယာမှာ ၂၇၈ ဧကခန့်ရှိပြီး လက်တံခွဲမြောင်းငယ်လေး များတည်ဆောက်ရာမှာ အသုံးပြုခဲ့ရတဲ့ ဧရိယာနဲ့ပါ ဆိုလို့ရှိရင် တောင်သူအများဆုံးရှုံးတဲ့ မြေဧက ပေါင်း ၄၀၀ ခန့်ရှိတယ်လို့ သိရပါတယ်။

မူလရည်ရွယ်တဲ့စီမံကိန်းမှာ ဧက ၆၅၀၀ ရေရရှိရန် ဆောင်ရွက်ခဲ့သော်လည်း ဧက ၂၀၀ ခန့် မြောင်းလက်တံရင်း၌သာ ရေပေးဝေနိုင်ခဲ့သည့်အတွက် စီမံကိန်းအောင်မြင်ခြင်းမရှိဟု သုံးသပ်မိပါတယ်။ ရေလွှတ်တဲ့အခါတိုင်းလဲ မြောင်းဘောင်များမှာ ပျက်ကျကုန်ပြီး မိမိတို့လယ်များသို့ရေရောက်ရှိမလာပါကြောင်း၊ ရေလွှတ်မှာဖြစ်သည့်အတွက် လယ်များကိုထွန်ရေးအသစ်ပြင်ထားပါဟု ညွှန်ကြားသဖြင့် လယ်သမားများမှ စက်များငှားရမ်းပြီး ထွန်ရေးပြင်ခဲ့ကြသော်လည်း ရေရောက်မလာဘဲ ပိုက်ဆံကုန်သည်သာ အဖတ်တင်ခဲ့ကြပါကြောင်း၊ မိမိတို့လယ်များသို့ ရေများမရောက်လာပါသော်လည်း မြောင်းဘောင်တည်ဆောက်၍ မြေများပေးလိုက်ရခြင်း၊ မြောင်းဘောင်ပေါ်တွင် မိမိတို့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်ကျောင်းမိ၍ ဒဏ်ရိုက်ခံရခြင်း၊ မြောင်းကူးတံတားများတည်ဆောက်ထားခြင်းမှာ ကောင်းမွန်ခြင်း၊ အရည်အသွေးပြည့်မှီခြင်းမရှိ၍ နွားများခြေကျိုးကာဆုံးရှုံးခြင်းများရှိနေပါကြောင်း၊ တောင်သူများမှ ကျွန်တော့်ထံတင်ပြလာ၍ သွားရောက်ကြည့်ရှုရာမြောင်းဘောင်များမှာ ဆိုးရွားစွာပျက်စီးနေပြီး အချို့သောမြောင်းဘောင်အတွင်းမြေထိန်းနံရံများမှာလည်းပဲ ရေတစ်ခါမှ မလာဘူးပါဘဲနဲ့ ပျက်စီးနေသည်များကို တွေ့ရှိခဲ့ရပါသည်။

သို့ပါ၍ အောက်ပါမေးခွန်းများကိုမေးမြန်းအပ်ပါတယ်။ (၁) ဆင်တပ်မြစ်ရေတင်စီမံကိန်းတည်ဆောက်စဉ်က နိုင်ငံတော်ဘဏ္ဍာငွေ မည်မျှကုန်ကျခဲ့သည်ကို သိရှိလိုပါသည်။ (၂) ဆင်တပ်မြစ်ရေတင်စီမံကိန်းအား သတ်မှတ်ဧရိယာဧကပေါင်း ၆၅၀၀ ကို အမှန်တကယ် ရေပေးဝေနိုင်ရန်နှင့် စီမံကိန်းအောင်မြင်အောင် ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ မေးခွန်း (၃) စီမံကိန်းအမှန်တကယ်အောင်မြင်အောင် မဆောင်ရွက်နိုင်ပါက ရေမရောက်သော မြောင်းဘောင်များအား ဖျက်သိမ်းပြီး မြေများကိုပြုပြင်၍ ဆုံးရှုံးနစ်နာခဲ့ရသော တောင်သူများအား သနားငဲ့ညှာသောအားဖြင့် ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ် လေးဦးမေးမြန်းတဲ့ မေးခွန်းများကို မိနစ် ၃၀ (နာရီဝက်) အတွင်းမှာ ဖြေကြားပေးဖို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးကို ဖိတ်ခေါ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ကျွန်တော်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးလေးဦးရဲ့ မေးမြန်းတဲ့ မေးခွန်းတွေကို လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြု ချက်အရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော် တစ်ခုချင်း ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်ရဲ့ မေးမြန်းချက်ကို ရှင်းလင်းဖြေကြားပါမယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ရာသီအလိုက်၊ သီးနှံအလိုက် ထုတ်ချေးပေးသော ချေးငွေများအား ပြန်လည်ကောက်ခံရာတွင် သီးနှံပေါ်၍ ရိတ်သိမ်းရောင်းချပြီးချိန် လက်ဝယ်ငွေရှင်ချိန်ကိုတွက်ဆပြီး၊ နှစ်ချင်းပြန်ကောက်ခံနေခြင်းဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(က)တွင်လည်း နှစ်စဉ်ချေးငွေဖြစ်လျှင် တစ်နှစ်အထိသာ ချေးငွေထုတ်ချေးပေးရမည်ဟု ဖော်ပြပါရှိပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသော ချေးငွေများသည် ရာသီဥတုအလိုက်၊ သီးနှံအလိုက် စိုက်ပျိုးရန်လိုအပ်သော စိုက်ပျိုးစရိတ်ငွေ အရင်းအနှီးရရှိရန်အလို့ငှာ ထုတ်ချေးပေးခြင်းဖြစ်ပါတယ်။ ကြွေးဟောင်းပြေကြေမှ ကြွေးသစ်ထုတ်ယူခွင့်ပြုနိုင်မည်ဖြစ်ရာ ချေးယူထားသော ချေးငွေများကို သီးနှံပေါ်ချိန် ငွေရှင်ချိန်တွင် ချေးငွေအပြည့်အဝ ပြန်လည်ပေးဆပ်ပြီးမှသာ နောက်ထပ်တစ်သီးအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခွင့်ရရှိနိုင်ပါတယ်။ တောင်သူများအနေဖြင့် သီးနှံပေါ်ချိန်လက်ဝယ်ငွေရှင်ချိန်တွင် ချေးငွေအား ပြန်လည်ပေးဆပ်ခြင်းမပြုဘဲ၊ အခြားလုပ်ငန်း ခေါင်းစဉ်တစ်ခုခုတွင် သုံးစွဲကုန်ကျမည်ဆိုပါက၊ ချေးငွေပြန်မဆပ်နိုင်သည့်အတွက် နောက်ထပ် သီးနှံစိုက်ရန်အရင်းအနှီးလိုအပ်လာချိန်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ဥပဒေအရ ထပ်မံထုတ်ချေးပေးနိုင်ခြင်း မပြုနိုင်သည့်အတွက် တောင်သူများသာလျှင် အခက်အခဲတွေ့ကြုံနေရပါမယ်။ သို့ရာတွင်

ယခုအသစ်ရေးဆွဲပြဋ္ဌာန်းလိုက်သော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ ရေးဆွဲလိုက်သော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေအတည်ပြု အသက်ဝင်လာပါက ဥပဒေနှင့်ညီညွတ်စွာ အစိုးရမှ အသိအမှတ်ပြုသည့်ဘဏ်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ချေးငွေများ တိုက်ရိုက်ထုတ်ချေးခွင့်ရရှိမည်ဖြစ်ပါက ထိုအချိန်တွင် နှစ်ရှည်ချေးငွေထုတ်ချေးပေးနိုင်ရေးကိစ္စများသည် လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏ ဆန္ဒအတိုင်း ပေါ်ပေါက်လာနိုင်ဖွယ်ရာ အလားအလာရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းဖြစ်သော ရခိုင်ပြည်နယ်၊ အမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေ၏ ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်ရှင်းလင်းတင်ပြပါမယ်ခင်ဗျား။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ရခိုင်ပြည်နယ်အတွင်း ကျောက်တော်မြို့နယ် ဒီဇယ်ရေတင်လုပ်ငန်းနှစ်ခု၊ အကျိုးပြုဧက ၆၀၀ နှင့် ဘူးသီးတောင်မြို့နယ်တွင် ဒီဇယ်ရေတင်လုပ်ငန်းနှစ်ခု၊ အကျိုးပြုဧက ၂၀၀ စုစုပေါင်းဒီဇယ်ရေတင်လုပ်ငန်းလေးခု၊ အကျိုးပြုဧက ၈၀၀ ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားမရရှိသဖြင့် ဒီဇယ်ရေတင်များအနေဖြင့်သာဆောင်ရွက်ပြီး တောင်သူများသို့ ဌာနမှ ဒီဇယ်အင်ဂျင်မောင်းရေစုပ်စက်များအား ဌာနသတ်မှတ်ဈေးနှုန်းဖြင့် ငှားရမ်းပေး၍ တောင်သူအစီအစဉ်ဖြင့် ရေတင်စိုက်ပျိုးဆောင်ရွက်ခဲ့ပါတယ်။ အစိုးရသစ်လက်ထက်တွင် ရခိုင်ပြည်နယ်အတွင်း မကြာမီလျှပ်စစ်ဓာတ်အားတိုးတက်ရရှိနိုင်မည်ဖြစ်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အစိုးရငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၈၀၂.၀၃၆ သန်းဖြင့် ကျောက်တော်မြို့နယ်ရှိ ဆောင်ရွက်ပြီး ဒီဇယ်ရေတင်လုပ်ငန်းနှစ်ခုအား လျှပ်စစ်ရေတင်အဖြစ် ပြောင်းလဲတည်ဆောက်ခြင်း၊ ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ပြီး ဒီဇယ်ရေတင်လုပ်ငန်းတစ်ခု၊ အကျိုးပြုဧက ၂၀၀ အား ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ လွှဲပြောင်းရယူ၍ လျှပ်စစ်ရေတင်အဖြစ် ပြောင်းလဲတည်ဆောက်ခြင်း၊ ကျောက်တော်မြို့နယ်တွင် လျှပ်စစ်ရေတင်လုပ်ငန်းအသစ်နှစ်ခု၊ အကျိုးပြုဧက ၃၀၀ နှင့် မြောက်ဦးမြို့နယ်တွင် လျှပ်စစ်ရေတင်လုပ်ငန်းအသစ် ရှစ်ခု၊ အကျိုးပြုဧက ၁၆၀၀ စုစုပေါင်း လျှပ်စစ်ရေတင်လုပ်ငန်း ၁၀ခု၊ အကျိုးပြုဧက ၁၉၀၀ အား ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်တော်မြို့နယ်တွင် လျှပ်စစ်ရေတင်လုပ်ငန်းအသစ်လေးခု၊ အကျိုးပြုဧက ၈၀၀ နှင့် မြောက်ဦးမြို့နယ် လျှပ်စစ်ရေတင်လုပ်ငန်းအသစ်တစ်ခု၊ အကျိုးပြုဧက ၂၀၀ စုစုပေါင်းလျှပ်စစ်ရေတင်လုပ်ငန်းအသစ်ငါးခု၊ အကျိုးပြုဧက ၁၀၀၀ ဆက်လက်ဆောင်ရွက်ရန် လျာထားပါတယ်။

**မူကြမ်း**

ဆက်လက်၍ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေး၊ သီးနှံစိုက်စွမ်းအားမြင့်မားစေရေး၊ တောင်သူလယ်သမားများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးအတွက် ဒုတိယကာလတို ငါးနှစ်စီမံကိန်းဖြစ်သော ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း လျှပ်စစ်ရေတင်လုပ်ငန်းအသစ် ၁၁ ခု၊ အကျိုးပြုဧက ၂၂၀၀၊ တတိယကာလတို ငါးနှစ်စီမံကိန်းဖြစ်သော ၂၀၂၁-၂၀၂၂ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း လျှပ်စစ်ရေတင်လုပ်ငန်းအသစ်လေးခု၊ အကျိုးပြုဧက ၁၃၀၀၊ စတုတ္ထကာလတို ငါးနှစ်စီမံကိန်းဖြစ်သော ၂၀၂၆-၂၀၂၇ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အတွင်း လျှပ်စစ်ရေတင်လုပ်ငန်းအသစ် သုံးခု၊ အကျိုးပြုဧက ၉၀၀ အား တိုးတက်ဆောင်ရွက်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့်စီမံချက် ရေးဆွဲဆောင်ရွက်ထားရှိပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဖြေကြားချက်နှင့်ပေါင်းစပ်၍ ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယမေးမြန်းချက်ကို ဆက်လက်ရှင်းလင်းတင်ပြပါမယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၏ မေးမြန်းချက်ဖြစ်ပါတယ်။ မေးခွန်း(၁)နှင့်ပတ်သက်ပြီးတော့ ဖြေကြားပါမယ်။ မေးမြန်းထားတဲ့ကိစ္စနှင့်စပ်လျဉ်းပြီးတော့ ၁၉၁၃ ခုနှစ် စာချုပ်စာတမ်း မှတ်ပုံတင်ဥပဒေ၊ အမိန့်ညွှန်ကြားချက်အပိုဒ် ၃၅ အရ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မညီညွတ်ဟုအကြောင်းပြချက်မရှိဘဲ သက်ဆိုင်ရာမြေပေါ်တွင် ပိုင်ဆိုင်မှုမရှိဟူ၍လည်းကောင်း၊ ဂရန် သက်တမ်းကုန်ဆုံးသည်ဟူ၍လည်းကောင်း စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေနှင့် မသက်ဆိုင်သည့် အကြောင်းပြချက်များဖြင့် စာချုပ်စာတမ်းများကို မှတ်ပုံတင်ပေးရန်ငြင်းဆို၍ မရနိုင်ပါကြောင်း ဥပဒေညွှန်ကြားချက်အရ ဖော်ပြထားသဖြင့် မြေပိုင်ရှင်အဖြစ် အလွဲဖော်ပြစာချုပ်ပြုလုပ်သူများတွင်သာ တာဝန်ရှိမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။

မေးခွန်း(၂)နှင့်ပတ်သက်၍ ဆက်လက်ရှင်းလင်းပါမယ်။ စာချုပ်မှတ်ပုံတင်အရာရှိ၏ဆောင်ရွက်ချက်မှာ ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါက အရေးယူဆောင်ရွက်၍မရနိုင်ပါ။ စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေပုဒ်မ ၈၂ တွင် စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေအရ တာဝန်ယူဆောင်ရွက်သည့်အရာရှိရှေ့တွင် မမှန်မကန်ထွက်ဆိုအစစ်ခံခြင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသို့ မမှန်ကန်သော စာချုပ်စာတမ်းမှတ်ပုံတင်ရန်ဖြစ်စေ၊ ဘာသာပြန်ဆိုချက်ကိုဖြစ်စေ၊ မမှန်ကန်သည့်မြေပုံကိုဖြစ်စေ၊ စာချုပ်မိတ္တူကိုဖြစ်စေ တင်ပြပေးအပ်ခြင်း၊ သူတစ်ပါးဟန်ဆောင်၍ သူ

တစ်ပါးအသွင်အနေဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်သွင်းခြင်း၊ အစစ်ဆေးခံခြင်းများ ပြုလုပ်ပါက ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ သို့မဟုတ် ငွေဒဏ်ဖြစ်စေ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ စီရင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားရှိသဖြင့် မမှန်သက်သေခံဖန်တီးသူများအား အကျိုးနစ်နာသူမှ အထောက်အထားခိုင်လုံစွာဖြင့် သက်ဆိုင်ရာတရားရုံးများတွင် ဥပဒေအရ တရားစွဲဆိုအရေးယူနိုင်ပါကြောင်းဖြေကြားအပ်ပါတယ်။

မေးခွန်း(၃)ကို ဆက်လက်ရှင်းလင်းပါမယ်။ စာချုပ်စာတမ်းမှတ်ပုံတင်နည်းဥပဒေအပိုဒ် ၄၃-၂ အရ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်တင်သွင်းလာသော စာချုပ်အမျိုးအစားအလိုက် စာချုပ်တွင်ဖော်ပြထားသော တန်ဘိုးအတိုင်း မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၃၊ ဇယား ၁ တွင်ဖော်ပြထားသည့်တန်ဖိုးကို ပြည့်စုံစွာထမ်းဆောင်ထားခြင်းရှိ/မရှိကိုစိစစ်ပြီး ပြည့်စုံမှန်ကန်မှသာ စာချုပ်ကို မှတ်ပုံတင်သွင်းရန် လက်ခံဆောင်ရွက်ရသည့်အတွက် စာချုပ်ရေးသားထားသည့်တံဆိပ်ခေါင်းတွင် ဖော်ပြထားသည့် ဝယ်ယူသောနေ့ထက် နောက်ကြောင်းပြန် (Back Date) ဖြင့် စာချုပ်စာတမ်းကို ရေးသားထားမှုမှာ မှတ်ပုံတင်၍ မဖြစ်နိုင်ပါ။ ယခုအခါ မြန်မာနိုင်ငံ တံဆိပ်ခေါင်းဥပဒေအရ ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်များ ထမ်းဆောင်ရန်အတွက် အခြေပစ္စည်းများတန်ဖိုး စိစစ်သတ်မှတ်ရေးအဖွဲ့၏ တန်ဖိုးသတ်မှတ်မှုအရ တန်ဖိုးအပေါ်တွင် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရန် တံဆိပ်ခေါင်းရောင်းချခြင်းဖြစ်၍ စာချုပ်ချုပ်ဆိုသူများက ၎င်းတို့ အမှန်အရောင်းအဝယ်စာချုပ်ချုပ်ဆိုသောနေ့ကို ဝယ်ယူရရှိသော တံဆိပ်ခေါင်းပေါ်တွင် ဖော်ပြ၍ စာချုပ်ကို ပြန်လည်ရေးသား မှတ်ပုံတင်သွင်းလာသည့်အခါ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးအချို့တွင် အထက်ဖော်ပြပါလွဲမှားမှုများ ဖြစ်ပေါ်တတ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိမှ တံဆိပ်ခေါင်းတွင် ဖော်ပြထားသည့်နေ့ထက် နောက်ကြောင်းပြန်ဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းမဟုတ်ဘဲ တန်ဖိုးစိစစ်ရေးအဖွဲ့၏ တံဆိပ်ခေါင်းခွန် ထမ်းဆောင်ရန် တန်ဖိုးသတ်မှတ်ပြီးမှ တံဆိပ်ခေါင်းရောင်းချသည့်အပေါ် စာချုပ်ချုပ်ဆိုသူများက စာချုပ်အမှန်ချုပ်ဆိုသည့်နေ့ကို ဖော်ပြ၍ စာချုပ်ကိုပြန်လည်ရေးသား မှတ်ပုံတင်သွင်းလာမှုကို သေချာစွာမစိစစ်ဘဲ မှတ်ပုံတင်ခြင်းသာဖြစ်ကြောင်း တွေ့ရှိရ၍ မမှန်သောသက်သေခံဖန်တီးမှုရှိ/မရှိဆိုသည်မှာ သက်ဆိုင်ရာ တရားရုံးအဆင့်ဆင့်တွင် စစ်ဆေးဆုံးဖြတ်ရမည့်ကိစ္စသာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**မူကြမ်း**

ဆက်လက်၍ မေးခွန်း(၄)နှင့်ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနလက်အောက်ရှိ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် ထိုကဲ့သို့ လွဲမှားခြင်းများကို လက်ခံဆောင်ရွက်မှုများတွေ့ရှိပါက တာဝန်ရှိသူ စာချုပ်စာတမ်းမှတ်ပုံတင် အရာရှိများအားဖော်ထုတ်၍ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ အရေးယူဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ထိုကဲ့သို့လွဲမှားမှုများကို လက်ခံဆောင်ရွက်ခြင်း စိစစ်တွေ့ရှိရသည့်အတွက် တာဝန်ရှိသူစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသုံးဦးအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ အရေးယူခဲ့ရပါကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်။ စာချုပ်စာတမ်း မှတ်ပုံတင်ဥပဒေပုဒ်မ ၈၁ အရ မှတ်ပုံတင်သွင်းထားသည့် စာချုပ်စာတမ်းများ၌ စာချုပ်မှတ်ပုံတင်အရာရှိများနှင့် အမှုထမ်းများက မမှန်မကန်စာချုပ်များတွင် ထပ်မံရေးမှတ်ခြင်း၊ မိတ္တူကူးခြင်း၊ ဘာသာပြန်ဆိုခြင်း၊ မှတ်ပုံတင်ခြင်းများဆောင်ရွက်ပါက ထိုသူကို ခုနစ်နှစ်အထိ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ်ဖြစ်စေ သို့မဟုတ် ပြစ်ဒဏ်နှစ်ခုလုံးကိုဖြစ်စေ စီရင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါတယ်။ စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေ ပုဒ်မ ၈၄ အရ မှတ်ပုံတင်အရာရှိကို ပြည်သူ့ဝန်ထမ်းအဖြစ် သတ်မှတ်ထားသဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ အရေးယူဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ စာချုပ်ချုပ်ဆိုသူများအနေဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပိုမိုထိရောက်လာသော အပြစ်ဒဏ်ချမှတ်လိုပါက အကျိုးနစ်နာသူများမှ အထောက်အထားခိုင်မာပြည့်စုံစွာဖြင့် သက်ဆိုင်ရာ တရားရုံးများတွင် စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားစွဲဆိုခွင့်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း၏ မေးမြန်းချက်နဲ့ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်အတွင်းရှိ ဆင်တပ်မြစ်ရေတင်စီမံကိန်း၏အကျိုးပြုဧက ၆၅၀၀ ကို ၂၀၀၄ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပါတယ်။ စီမံကိန်းတွင် ရေတင်အဆင့်လေးခု၊ ပင်မမြောင်းနှင့် လက်တံမြောင်း ၇၀ မိုင် တူးမြောင်းအဆောက်အဦ ၇၉၈ ခု 33 KV ၊ 11 KV လျှပ်စစ်ဓာတ်အားလိုင်း ရှစ်မိုင် 5 MVA ပင်မခွဲရုံအပါအဝင် ခွဲရုံငါးရုံ၊ ပန့်၊ မော်တာ ၂၀ လုံးနှင့် ပိုက်လိုင်းများထည့်သွင်းတည်ဆောက်ခဲ့ပြီး စီမံကိန်းရန်ပုံငွေသုံးစွဲမှုမှာ အမေရိကန် ဒေါ်လာ ၁.၂၀၁ သန်းအပါအဝင် ကျပ် ၃၂၂၀.၀၂၄ သန်းဖြစ်ပါတယ်။

**မူကြမ်း**

စီမံကိန်းရှိ ရေတင်အဆင့် လေးဆင့်တွင် တပ်ဆင်ထားသော မော်တာနှင့် ပန့်များမောင်းနှင်နိုင်ရန် လိုအပ်သော လျှပ်စစ်ဓာတ်အား 66/11 KV, 5 MVA ရရှိရေးအတွက် 100 MVA အုန်းတောဓာတ်အားခွဲရုံအား တည်ဆောက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းပြီးစီးမည် ဖြစ်ပါတယ်။ အဆိုပါ ဓာတ်အားခွဲရုံ တည်ဆောက်ဆဲကာလတွင် အုန်းတောဓာတ်အားခွဲရုံမှ 33 KV ဓာတ်အားလိုင်းဖြင့် လျှပ်စစ်ဓာတ်အား ယာယီသွယ်တန်းရယူ၍ ရေပေးဝေရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

စီမံကိန်းတည်ဆောက်စဉ်ကာလအတွင်း မြို့ပြလုပ်ငန်းပိုင်းဆိုင်ရာ ရေပေးမြောင်းများဖောက်လုပ်ခဲ့ရာတွင် မြောင်းအူကြောင်းအနီးဆုံးရှိမြေများကို ရယူအသုံးပြုခဲ့သည့် သာမန်မြေသားမြောင်းများသာဖြစ်ပြီး လိုအပ်သည့် စံချိန်စံညွှန်းနှင့်ကိုက်ညီသော မြေအမျိုးအစား (Selected Soil) အား သယ်ယူဆောင်ရွက်နိုင်ခြင်းမှုမရှိခဲ့ပါ။ မြေအမျိုးအစားအနေနှင့် မြောင်းတည်ဆောက်ထားသောလက်ရှိမြေများမှာ ရေတွင် ပျော်ဝင်လွယ်သော (Dispersive Soil) များပါဝင်ခြင်းကြောင့် ရေပေးဝေချိန်နှင့် မိုးသည်းထန်စွာရွာသွန်းချိန်များတွင် ရေပေးမြောင်း ကျိုးပြတ်ပျက်စီးမှုများဖြစ်ပေါ်တတ်ခြင်းအပေါ် နှစ်စဉ်ရရှိသည့် ရန်ပုံငွေဖြင့် ဦးစားပေးအပိုင်းအလိုက် အရည်အသွေးကောင်းသော မြေရယူ၍ ပြင်ဆင်ထိန်းသိမ်းမှုများဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ပြုပြင်ဆောင်ရွက်ခြင်းကြောင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် သီးနှံဧက ၉၈၀၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် သီးနှံဧက ၁၀၅၀ နှင့် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် သီးနှံဧက ၁၂၄၅ အထိ တိုးတက်စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပါတယ်။

ဆင်တပ်မြစ်ရေတင်စီမံကိန်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အုပ်ချုပ်မှုအောက်သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သာမန်ပြင်ဆင် ထိန်းသိမ်းစရိတ် ရန်ပုံငွေကျပ် ၁၇၅ သန်းဖြင့် ပင်မမြောင်းနှင့် လက်တံမြောင်းများ မြေသားအစားထိုးပြုပြင်ခြင်း၊ လိုအပ်သောနေရာများတွင် အုတ်လိုင်နင်စီခြင်း မြောင်းကူးတံတားများအပါအဝင် ရေပေးအဆောက်အဦများပြုပြင်ခြင်းနှင့် မြစ်ကမ်းပါးကျောက်ကြီးစီခြင်းလုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ပါတယ်။ ထို့အတူဘဏ္ဍာရေးနှစ်အလိုက် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် ရန်ပုံငွေများ ထည့်သွင်းလျာထား၍ ဧကတိုးတက်ရေပေးဝေနိုင်ရေးနှင့်အတူ သတ်မှတ်စီမံကိန်းဧက ပြည့်မီရေးကို ဆက်လက်

ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်၍ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကိုကျော်ပြီး အစီအစဉ် ၇ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး ပြီး ၁၈-၁-၂၀၁၃ ရက်က ပြင်ဆင်ချက်မရှိအတည်ပြုခဲ့တဲ့ တရာမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်သို့ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို ၇-၃-၂၀၁၄ ရက်နေ့မှာ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာပါတယ်။ ယင်းသို့ ပြန်လည်ပေးပို့ခြင်းကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က) အရ ၁၈-၃-၂၀၁၄ ရက်နေ့က လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ၂၁ ချက်အနက်မှ အချက် ၁၆ ချက်ကို သဘောတူသင့်ကြောင်းနဲ့ ၅ ချက်နဲ့စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာပါတယ်။ တရာမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ၂၁ ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်၊ ကျိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တရာမကျင့်ထုံးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် ၂၁ ချက်နဲ့စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကို ကော်မတီရဲ့ကိုယ်စား တင်ပြမှာဖြစ်ပါတယ်ခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များနဲ့ ပြန်လည်ပေးပို့လာတဲ့ တရားမကျင့်ထုံး

ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ၂၁ ချက် အနက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံသည့်အချက် ၁၆ ချက်ရှိပါတယ်။ ၎င်း ၁၆ ချက်ရဲ့ ဥပဒေခေါင်းစီးများကတော့ အပိုဒ် ၃၊ အပိုဒ်၅၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅ ၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ နှင့်အပိုဒ် ၂၁ တို့ဖြစ်ပါတယ်။ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်းထားရှိရန် သဘောတူသည့်အချက် ၅ ချက်ရှိပါတယ်။ ဒါကြောင့် အမျိုးသား လွှတ်တော်ရဲ့ သဘောထားနဲ့ကွဲလွဲတဲ့ အချက် ၅ ချက်နဲ့ပတ်သက်ပြီးတော့ ဥပဒေရဲ့ခေါင်းစီးဟာကတော့ အပိုဒ် ၂၊ အပိုဒ် ၄၊ အပိုဒ် ၆၊ အပိုဒ် ၇ နဲ့ အပိုဒ် ၁၁ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တရားမကျင့်ထုံးဥပဒေ ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း သဘောတူ သည့်အချက် ၁၆ ချက်နဲ့ သဘောမတူသည့်အချက် ၅ ချက်တို့အား လွှတ်တော်မှအတည်ပြုပေးနိုင် ပါရန် ကော်မတီရဲ့ကိုယ်စား အတည်ပြုတင်ပြအပ်ပါတယ်ခင်ဗျား။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားမကျင့်ထုံးဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက တင်သွင်းထားတဲ့ ပြင်ဆင်ချက် ၁၆ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း အတည်ပြုရန်အတွက် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေ ကြမ်းကော်မတီက တင်ပြသွားတဲ့ အချက် ၁၆ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် အချက် ၅ ချက်ကို

အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အချက် ၅ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း တင်ပြချက်ကို အတည်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များမှ အချက် ၅ ချက်ကို လွှတ်တော်က သဘာမတူကြောင်း အတည်ပြုပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များနဲ့ ပေးပို့လာတဲ့ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်

ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အတည်ပြုခဲ့တဲ့ အပိုဒ် ၂၊ အပိုဒ် ၄၊ အပိုဒ် ၆၊ အပိုဒ် ၇ နှင့် အပိုဒ် ၁၁ စုစုပေါင်း ၅ ချက်တို့ဟာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲနေကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲတဲ့ အဆိုပါအချက် ၅ ချက်အား ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး အဆုံးအဖြတ်ရယူသင့်ပါကြောင်း အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးတင်လှိုင်(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲတဲ့အချက်ငါးချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေရဲ့အဆိုကို ကျွန်တော် ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့အချက ၅ ချက်နဲ့ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော တရာမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ် သဘောကွဲလွဲချက် ၅ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**မှုကြမ်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် သတ်မှတ်ဖော်ပြခဲ့တဲ့ အစီအစဉ် ၆ ဆက်လက်ဆောင်ရွက်ရန်မပြုတော့ဘဲနဲ့ လာမယ့်လွှတ်တော်အစည်းအဝေးများတွင်သာ ဆောင်ရွက်မှာဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး တတိယနေ့ကို မနက်ဖြန် ၂၀၁၄ ခုနှစ်၊ မေလ ၃၀ ရက် သောကြာနေ့ ၁၀း၀၀ နာရီ အချိန် မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၂း၁၂။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးကို ၁၂း၁၂ နာရီအချိန်တွင် ပြီးဆုံးပါသည်။]